သိပ္ပဉ္စ ဇတံ မင်္ဂလ မုတ္တမံ၊ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၆)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ပြည့်စုံရန်အရေးကြီး
တနင်္သာရီတိုင်းဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ နိုင်ငံတော်ကဖြည့်ဆည်းပေးပြီးဖြစ်
ဒေသတွင်းရှိ သဘာဝသယံဇာတများတန်ဖိုးတက်လာရေး လူ့လုပ်အားဖြင့်ကြိုးပမ်းအားထုတ်

ရန်ကုန် မတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြိတ်မြို့မှ ပုလောမြို့သို့ရောက်ရှိကြရာ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ(ပထမတန်း) စစ်ထောက်ဒုတိယဗိုလ်မှူးကြီးထွန်းအုံ၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထားဝယ်မြို့ မြို့တော်ခန်းမတွင် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၄ ရက်)

သဘာဝအခြေအနေကောင်းများအပြည့်အဝအသုံးချ
ပြည်ထောင်စုကိုမြတ်နိုးစိတ်၊ နိုင်ငံချစ်စိတ် ကိန်းအောင်းလာစေရေးစည်းရုံး

နိုင်ငံတော်အစိုးရသည် အခြားပြည်နယ်၊ တိုင်းများနည်းတူ တနင်္သာရီတိုင်း၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားပြီး ဖြစ်သည်။ ယင်းသို့ တည်ဆောက်လုပ်ကိုင်ပေးနေသည်မှာ ယင်းဒေသကို မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်စေလို၍ ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နီးသည်ဝေးသည်မဟုတ် ဆူကြွနိမ့်မြင့်မရွေး အားလုံးမျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာစေလိုသည့် စေတနာဖြင့်လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေမှာ ကောင်းမွန်သဖြင့် ဒေသဖူလုံရေးနှင့် ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ဖြစ်ရာ ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ်ပူးပေါင်း၍ သဘာဝသယံဇာတများကို အပြည့်အဝအသုံးချ လုပ်ကိုင်သွားရန် လိုသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်နေ့များက ဘုတ်ပြင်း၊ ကရသူရိ၊ ပြည်ကြီးမဏ္ဍိုင်နှင့် တနင်္သာရီမြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းက ပြည်ကြီးမဏ္ဍိုင်မြို့ လေညာ-မဏ္ဍိုင်တံတားအနီးရှိ ရှင်းလင်းဆောင်၌ ပြည်ကြီးမဏ္ဍိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“ဤဒေသသို့ ရောက်ရှိနေသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများနှင့် တစ်သားတည်းပူးပေါင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်အကောင်အထည်ပေါ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိပြည်ထောင်စုကို မြတ်နိုးသည့်စိတ်၊ မိမိမြေ၊ မိမိရေနှင့် မိမိနိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်များ ဒေသခံပြည်သူများတွင် ကိန်းအောင်းလာအောင် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဤဒေသသည် နယ်စပ်ဒေသဖြစ်သည့်အားလျော်စွာ တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသ လုံခြုံအေးချမ်းအောင်၊ တရားဥပဒေစိုးမိုးမှုရှိအောင် ခိုင်ခိုင်မာမာတည်ဆောက်၍ ပြည်သူအများ အေးချမ်းလုံခြုံစွာ နေထိုင်သွားနိုင်အောင် ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ကြောင်း” မှာကြားသည်။

ဘုတ်ပြင်းဒေသသည် ဇဟိုနှင့်အလှမ်းကွာဝေးသော ဒေသ၊ သွားရေးလာရေးခက်ခဲသည့်ဒေသ၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသည့်ဒေသဖြစ်သည့်အတွက် ဘုတ်ပြင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထား ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ ဘုတ်ပြင်းမြို့သည် ယခင်က အခြေအနေများနှင့် မတူတော့ဘဲ မြို့အင်္ဂါရပ်များနှင့် ညီညွတ်သည့်မြို့အဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ပြီ ဖြစ်သည်။

ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ပတ်ဝန်းကျင်ဒေသသည် ဘုတ်ပြင်းမြို့နှင့် တနင်္သာရီမြို့အကြား၌ တည်ရှိပြီး ဆက်သွယ်မှုအနေအထားအရ ဝေးလံခေါင်သီသော ဒေသဖြစ်သည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာတွင် ဘုတ်ပြင်းမြို့နှင့် တနင်္သာရီမြို့အကြား၌ ကွက်လပ်အဖြစ် ကျန်မနေစေရေးအတွက် ပြည်ကြီးမဏ္ဍိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးနေသည်။

တနင်္သာရီမြို့နယ်သည် ရေမြေ ရာသီဥတုကောင်းသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဥယျာဉ်ခြံမြေလုပ်ငန်းအပေါ်တွင် အဓိကအခြေပြုကြသည်။ တနင်္သာရီမြို့နယ်ပါဝင်သည့် မြိတ်ခရိုင်သည် ဆန်ဖူလုံမှုမရှိသော ဒေသဖြစ်ရာ မြိတ်ခရိုင်တစ်ခုလုံး ဆန်ဖူလုံရေးကို တနင်္သာရီမြို့နယ်က အတတ်နိုင်ဆုံး ဝင်ရောက်ပံ့ပိုး အထောက်အကူပြုနိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ထို့ပြင် ဆီအုန်း၊ ရော်ဘာတို့ကို တိုးချဲ့စိုက်ပျိုးခြင်း၊ အမယ်သစ်(အမည်သစ်)သီးနှံဖြစ်သည့် ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးခြင်းတို့ကို ဖိဖိစီးစီးလုပ်ကိုင်ပြီး မြို့နယ်၏ စီးပွားရေးကိုမြှင့်တင်ကာ တိုင်း၊ ခရိုင်နှင့် နိုင်ငံတော်၏ စီးပွားရေးကို ပိုမိုအထောက်အကူပြု အားဖြည့်နိုင်ရေး ကြိုးပမ်းသွားရန် အရေးကြီးပေသည်။

သို့ဖြစ်ရာ တနင်္သာရီတိုင်းသည် ရာသီဥတုကောင်းမွန်မှုနှင့် သယံဇာတပေါများမှုကြောင့် သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်အလျောက် ဒေသခံပြည်သူများအနေဖြင့် သဘာဝအခြေအနေကောင်းများကို အပြည့်အဝအသုံးချနိုင်ရေး ကြိုးပမ်းသွားကြရင်း နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်ထောင်စုကို မြတ်နိုးစိတ်၊ နိုင်ငံချစ်စိတ် ကိန်းအောင်းလာစေရေး စည်းရုံး၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အမြန်အကောင်အထည်ပေါ်လာစေရန် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၈ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၂၀) အခြေခံပညာမူလတန်း ကျောင်း ၂၀၀၂-၂၀၀၃ ခု မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မေထွေးက ကျောင်းအုပ်စုအဆင့်ဘက်စုံထူးချွန်ပထမဆုနှင့် လူမှုရေးဘာသာရပ်ထူးချွန် ပထမဆုရ တတိယတန်းမှ မအိဖြူမောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူး၍ ၂၀၀၄ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် ၆၄ ရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကား ပြောကြားသည်။

အသေးစိတ်ရှင်းလင်း

ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ တွဲဖက် အတွင်းရေးမှူး(၁) ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းက အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီခေါင်းဆောင်များက ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆုံးဖြတ်ချက်ချမှတ်

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြကာ ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်မည်

ရန်ကုန် မတ် ၃

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့အားပူဇော်ကန်တော့ပွဲနှင့် တောင်ငူအသင်း(ထန်းတပင်၊ အုတ်တွင်း အပါအဝင်)နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၇ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား အရှေ့မုခ်၊ ကြားတောရလမ်း ဓမ္မဗျာအောင်မြေကျောင်း၌ ကျင်းပမည်ဖြစ်ရာ နယ်သူနယ်သားများအားလုံးတက် ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၂၉ ရက်က (၁၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်းပူဇော်ပွဲ ဖွင့်ပွဲ တွင်သင်္ဃန်းကျွန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်း၊ ဂေါပကအဖွဲ့ဝင် ဦးအေးဖေ၊ ဦးစိုးမြင့်နှင့် နှစ်ကျိပ်ရှစ်ဆူအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)

တွံတေးဘုရားကြီးရွာ အမကကျောင်းသစ်ဖွင့်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို မင်္ဂလာတိုက်ကျောင်းတွင်ကျင်းပရာ ရှေးဦးစွာ မင်္ဂလာတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာက ဩဝါဒစကား မြွက်ကြားတော်မူပြီး ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက အမှာစကား ပြောကြားသည်။

ထို့နောက် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ရုပ်သိမ်းလိုက်သည်။ ယခုဖွင့်လှစ်သော အခြေခံပညာမူလတန်းကျောင်းသည် ၁၉၉၉ ခုနှစ်ကတည်းက ဘုရားကြီးကျေးရွာ မင်္ဂလာတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တစန္ဒိမာက အနယ်နယ်အရပ်ရပ်မှ မိဘမဲ့ ကလေးများအား ပြုစုစောင့်ရှောက် ပညာသင်ပေးခဲ့ပြီး ပရဟိတကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆင္ဒသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိသည့် ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးတွင် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား ဖူးမြော်ကန်တော့စဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကြည်ညို

ရန်ကုန် မတ် ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိသည့် ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည်ညိုသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား ဖူးမြော်ကန်တော့ပြီး ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ ဒုတိယပိုင်းအစီအစဉ်များ ကျင်းပနေသည်ကို ကြည်ညိုသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တပေါင်းလပြည့်နေ့တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)
၄-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ ဂံုညင်းတန်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၃၀ ၇။ **"အလျှော်အစား"** (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၇:၄၅ ၈။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၅၅ ၉။ မြန်မာစာ မြန်မာစကား
- ၁၈:၁၀ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၂၀ ၁၁။ မူဟန်သွယ်သွယ် ဆိုကြမယ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၃)
- ၁၉:၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၆။ ပညာပါရမီကုသိုလ်တော် နတ်လူသာဓုခေါ်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာ့ဓလေ့ **"တပေါင်းလဘွဲ့များ"** (စိန်ဗိုလ်တင့် စီစဉ်တင်ဆက်သည်။)
- ၂၁။ နောက်တစ်နေ့အစီအစဉ်

မြတ်ဗုဒ္ဓခြေတော်ရာ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၃

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မုန်စံကျွန်း မြတ်ဗုဒ္ဓခြေတော်ရာ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဂန္ဓကုဋိကျောင်းတော် ရေစက်ချ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို တန်ခူးလဆန်း ၉ ရက် (မတ် ၂၉) ရက် တနင်္လာနေ့ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင် ပါရမီရှင်များနှင့် ရပ်ဝေးရပ်နီးမှ အလှူရှင် ပြည်သူ အပေါင်းတို့အား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၁ ရက်က မောင်ကျော်မျိုးနှင့် သတို့သမီး မကေခိုင်ဇော်တို့က ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ငွေပဒေသာပင်တို့အတွက် အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။

(က-ပ)

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ(မကွေးဆရာတော်)နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော မကွေးမြို့မှ သံဃာတော်သုံးပါး၊ သီလရှင်နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို မတ်၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များ ဓမ္မာရုံ၌ မကွေးမြို့နယ်အသင်း(ရန်ကုန်)က ဦးဆောင်ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ဧည့်ခံကျွေးမွေးရေးကို ဦးအေးကို(မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)ကတာဝန်ယူပြီး အသင်းဝင်မိသားစုများမှ လှူဒါန်းလိုသူများ ဦးတင်ထွန်း ဖုန်း-၅၁၃၂၆၂၊ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ဦးမြင့်သိန်း ဖုန်း-၅၇၉၅၆၆၊ ဦးကြည်မောင် ဖုန်း-၅၇၈၃၁၅၊ ဦးသိန်းမော်ဦး ဖုန်း-၂၂၁၀၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)အမှတ်(၁)ဖြန့်ချိ

ရန်ကုန် မတ် ၃

ခေတ်မီပြိုင်ကားမောင်းလိုသူများ မောင်းကြဖို့ပြင်၊ နိုင်ငံတကာအဆင့်မီ ဂို-ကပ်ပြိုင်ကားကွင်း တည်ဆောက်လျက်ရှိ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယကုမ္ပဏီတို့ မြေပေါ်ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုကို စီမံကိန်းဆောင်ရွက်မည်၊ ဗေဒါရိုးပရိဘောဂပစ္စည်းများ ပြည်တွင်းပြည်ပ ဈေးကွက်ကိုဖောက်၊ အကုန်အကျသက်သာစေသည့် ခြေနင်းရေတင်စက် ကျေးလက်တောင်သူများ မကြာမီတွင်ကျယ်စွာ အသုံးပြုလာနိုင်ဖွယ်ရှိနှင့် ကုန်သည်များ အကြိုက်တွေ့ အသုံးပြုကြစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထုတ်ဝေထားသည်။

ဆဲဗင်းဒေးနယူးစ်ဂျာနယ်ကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၄-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Demand (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"** (အပိုင်း-၁၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၃၃)
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား

အထက(၁)ကမာရွတ် ကျောင်းသူဟောင်းများအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃

အထက(၁) ကမာရွတ်(မရမ်းခြံ) ကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက(၁) ကမာရွတ်ကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသည့် ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မတ် ၂ရက်က ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးမှုများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်နှင့် ကာဘာလာတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား လုံခြုံရေးတာဝန်မယူနိုင်သော ကန်တို့အပေါ်အီရတ်တို့ဒေါသထွက်

ဘဂ္ဂဒက် မတ် ၃

ဘဂ္ဂဒက်မြို့နှင့် ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှု အများအပြားဆက်တိုက်ဖြစ်ပွားခဲ့ရာ အဆိုပါပေါက်ကွဲမှုများကြောင့် မြို့နှစ်မြို့စလုံးတွင် မတ် ၂ ရက်အထိ အနည်းဆုံးလူ၁၀၀ သေဆုံးခဲ့ပြီး လူပေါင်းများစွာဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၌ ဖြစ်ပွားသောဗုံးပေါက်ကွဲမှုလေးခုသည် ခါဒါမီယာအရပ်၌ဖြစ်ပွားခဲ့ပြီး ရဲအဖွဲ့က လူ၃၀သေဆုံးကြောင်းပြောကြားသော်လည်းဆေးရုံကမူ လူ၇၀ခန့် သေဆုံးကြောင်း၊ သေဆုံးသူ ဦးရေ ပိုမိုလာနိုင်ကြောင်း ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များသည်အီရတ်ရဲအဖွဲ့နှင့်အတူ ဖြစ်ပွားရာနေရာသို့ ရောက်ရှိလာခဲ့ရာဒေသခံများက ဒေါသတကြီးခဲများဖြင့်ပစ်ပေါက်ခဲ့ကြသည့်အတွက်အမေရိကန်တို့ပြန်လည်ဆုတ်ခွာသွားခဲ့ရသည်။

ပေါက်ကွဲ

အီရတ်များအတွက် အရေးပါသော ပွဲတော်ကာလတွင် ယခုကဲ့သို့ သေဆုံးမှုများပြားသည့် ပေါက်ကွဲမှုများ ဖြစ်ပွားရခြင်းအတွက်လုံခြုံရေး တာဝန်ကို တာဝန်ယူနိုင်သော အမေရိကန်တို့အပေါ် ဒေါသတကြီးဖြစ်နေခြင်းဖြစ်သည်။

ဒေါသတကြီး

ယခုဖြစ်ပွားခဲ့သည့်ပေါက်ကွဲမှုများ ဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရှိရသေးသော်လည်း မြို့နှစ်မြို့စလုံးတွင် တစ်ပြိုင်နက်လိုလိုဖြစ်ပွားခြင်းကို သုံးသပ်လျှင် ပူးပေါင်းစီစဉ်ထားသော တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်မှာထင်ရှားကြောင်း၊ပြည်တွင်းစစ်ဖြစ်ပွားစေရေးအတွက်ဆောင်ရွက်နေသည်ဟုပြောကြားခဲ့သော်လည်း ယခုကဲ့သို့ လုပ်ရပ်မျိုးကို ဆောင်ရွက်သူများသည် အမေရိကန်တို့နှင့် နိုင်ငံခြားသားများသာ ဖြစ်နိုင်ကြောင်းဒေသခံများက ဒေါသတကြီး ပြောကြားခဲ့ကြသည်။ **(စီအင်န်အင်န်)**

စစ်ပွဲစတင်ချိန်မှ အီရတ်၌သေဆုံးခဲ့သော ကန်တပ်ဖွဲ့ဝင် ၅၄၉ဦး ရှိပြီ

ဝါရှင်တန် မတ် ၃

အီရတ်တွင် စစ်ဆင်ရေး စတင်ခဲ့သည်မှ မတ်လ ၂ ရက် အင်္ဂါနေ့ ရောက်ချိန်တွင် အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၅၄၉ဦး ဖြစ်သည်။ ယင်းအနက် ၃၇၈ဦး တိုက်ပွဲ၌ သေဆုံးခဲ့ပြီး ၁၇၁ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်။ စစ်ပွဲစတင်သည်မှ တိုက်ပွဲ၌ ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၇၂၇ ဦး ဖြစ်ပြီး၄၁၉ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရခဲ့သူများဖြစ်သည်။

မေ ၁ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ၄၁၁ဦး ဖြစ်ရာ၂၆၃ဦးမှာတိုက်ပွဲ၌သေဆုံးခဲ့ပြီး ၁၄၈ဦးမှာတိုက်ပွဲ၌မဟုတ်ဘဲသေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အော်စကာဆုရှင်များက ဘုရှ်နှင့် အီရတ်စစ်ပွဲကိုဝေဖန် ကန်နှင့် အပေါင်းပါများ၏ ကျူးကျော်စစ်ပွဲအပေါ် ပြစ်တင်ရှုတ်ချ

ဟော်လီးဝုဒ် မတ် ၃

ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပခဲ့သော အော်စကာဆုပေးပွဲသည် ဟော်လီးဝုဒ်အကျော်အမော်များအတွက် သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် အီရတ်တွင် အမေရိကန်ဦးဆောင်ပြီး တိုက်သည့်စစ်ပွဲကို ဝေဖန်ရှုတ်ချရန် အခွင့်အလမ်း တစ်ရပ် ဖြစ်ခဲ့သည်။

အရာခပ်သိမ်းသည်အလွန်ကွဲပြားခြားနားခဲ့ကြောင်း၊ မိမိတို့မှာ အီရတ်နှင့် စစ်ဖြစ်ခြင်းနှင့်အတူ အပြီးသတ်ခဲ့ရကြောင်း အော်စကာဆုပေးပွဲ အခမ်းအနားမှူး ဘီလီခရစ္စတယ်လ်က ပြောကြားသည်။ ဘီလီခရစ္စတယ်လ်သည် လက်ရှိ သမ္မတ၏ဖခင် ပထမ ပင်လယ်ကွေ့စစ်နှင့် ၁၉၉၁ ခုနှစ်၌ စီးပွားရေးကျဆင်းမှုများကို မုချမသွေ ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

ဗီယက်နမ် စစ်ပွဲအကြောင်းကို ရိုက်ကူးထားသည့် The Fog of War ဓာတ်ကားဖြင့် အော်စကာဆုရရှိခဲ့သော ဒါရိုက်တာ အာရိုလ်မော်ရစ်ကလည်း ဗီယက်နမ်စစ်ပွဲနှင့် အီရတ်စစ်ပွဲကို နှိုင်းယှဉ်ခဲ့သည်။

လွန်ခဲ့သောနှစ် ၄၀ တွင် အမေရိကန်နိုင်ငံသည် ကျဉ်းထဲကျပ်ထဲ ကျရောက်ခဲ့ရကြောင်း၊ ယခုတစ်ကြိမ် ထပ်မံပြီး အကျဉ်းအကျပ်ထဲရောက်မည်ကို မိမိစိုးရိမ်ထိတ်လန့်ကြောင်း ဒါရိုက်တာမောရစ်ကပြောကြားသည်။

ရှုတ်ချ

Mystic River ဓာတ်ကားဖြင့် အကောင်းဆုံးသရုပ်ဆောင်ဆုရခဲ့သော ရှောင်ပိန်းကလည်းအီရတ်၏ မသင်္ကာဖွယ် အဖျက်စွမ်းအားကြီးမားသော လက်နက်များကို ဘုရှ်အစိုးရကရှာမတွေ့ခြင်းအတွက် အစိုးရကို ပြစ်တင်ရှုတ်ချ ပြောဆိုခဲ့သည်။

(အင်တာနက်)

အမေရိကန်က ဗင်နီဇွဲလားကိုကျူးကျော်လျှင် ပြည်သူများက အသက်ပေးကာကွယ်မည်

ကရာကာ့စ် မတ် ၂

ဗင်နီဇွဲလားနိုင်ငံအပေါ် ပိတ်ပင်အရေးယူမှုကို အမေရိကန်ပြည်ထောင်စုက အကယ်၍ ပြဋ္ဌာန်းလျှင်သို့မဟုတ် ကျူးကျော်ဝင်ရောက်လျှင်ဗင်နီဇွဲလား နိုင်ငံ၏ ရေနံအရင်းအမြစ်များ အမေရိကန်မသုံးစွဲရအောင် ပိတ်ပင်တားဆီးမည်ဟုဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံက အကယ်၍ ရေနံပို့ကုန်များကို ရပ်ဆိုင်းလျှင် အမေရိကန်မြေပေါ်၌ရှိသော ဗင်နီဇွဲလားရေနံကုမ္ပဏီများအပေါ်ပိတ်ပင်အရေးယူမှုပြဋ္ဌာန်းမည်ဖြစ်ကြောင်း မကြာသေးမီ၌အမေရိကန်ပြည်ထောင်စုက ခြိမ်းခြောက်ခဲ့ခြင်းကိုချာဗက်ဇ်က တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် ဘုရှ်၏အမေရိကန်အစိုးရသည် ဗင်နီဇွဲလားရှိ အတိုက်အခံပါတီအဖွဲ့အစည်းများနှင့်အကြမ်းဖက်သမားများကိုငွေကြေးပံ့ပိုးကြောင်းလည်းသမ္မတချာဗက်ဇ်က စွပ်စွဲလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံသည် လွတ်လပ်ပြီးဒီမိုကရေစီနိုင်ငံဖြစ်ကြောင်း၊ ဗင်နီဇွဲလားပြည်သူများသည် အသက်ပေး၍ နိုင်ငံကိုကာကွယ်သွားမည်ဖြစ်ကြောင်းလည်း သမ္မတချာဗက်ဇ်က ပြောကြားသည်။ **(အမ်အင်အေ၊ ဆင်ဟွာ)**

ပိုလန်တပ်ဖွဲ့ဝင်များပစ်ခတ်မှု အီရတ်၁၀ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၂

ကာဘာလာ မြို့အနီးရှိ စစ်ဘက်စခန်းတစ်ခု၌ ပိုလန်တပ်ဖွဲ့ဝင်များက ဘတ်စကားတစ်စီးကိုသေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ၎င်းဘတ်စကားသည် အီရတ်လူမျိုးများကို တင်ဆောင်လာသည်ဟု မျက်မြင်သက်သေများက ပြောကြားသော်လည်း ပိုလန်တပ်ဖွဲ့မှ တာဝန်ရှိသူများက ငြင်းဆိုထားသည်။

၎င်းပစ်ခတ်မှု၌ လူ၁၀ဦးဒဏ်ရာရရှိသွားကြောင်းနှင့် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက် ရှိကြောင်းသိရသည်။

အီရတ်အုပ်ချုပ်ရေးကောင်စီအတွင်း အီရတ်နိုင်ငံ ကြားဖြတ်အစိုးရဖွဲ့စည်းပုံဥပဒေနှင့် ပတ်သက်သည့် သဘောတူညီချက်ကို ရရှိလိုက်ပြီဖြစ်ကြောင်းသိရသည်။

သက်ဆိုင်ရာ သဘောတူညီချက် ရရှိရေးအတွက် သီတင်းပတ်ကုန်ရက်များအတွင်း အုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများ ကြိုးပမ်းခဲ့ကြကြောင်း သို့ရာတွင် လာမည့်ဗုဒ္ဓဟူးနေ့ထက်စောပြီး တရားဝင်လက်မှတ်ရေးထိုးဖြစ်ဦးမည် မဟုတ်သေးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

The Lord of the Rings: The Return of the king ဇာတ်ကား အော်စကာဆု ၁၁ဆုရပြီး အကောင်းဆုံးဇာတ်ကားဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် မတ် ၃

အောက်ဖော်ပြပါ စာရင်းများသည် ဟောလီးဝုဒ်ရုပ်ရှင်အနုပညာနှင့်သိပ္ပံမှ တနင်္ဂနွေနေ့၌ ထုတ်ပြန်သော (၇၆)နှစ်မြောက် နှစ်ပတ်လည်အကယ်ဒမီဆုများကို ဆွတ်ခူးရရှိသူများစာရင်းဖြစ်သည်။

ဒါရိုက်တာ ပီတာဂျက်ဆင်၏ The Lord of the Rings: The Return of the king ရုပ်ရှင်ကားသည် လူကြိုက်အများဆုံးဝတ္ထု၊ အော်ပရာ၊ ကဇာတ်ဖြစ်ပြီးအော်စကာဆု ၁၁ ဆုကိုဆွတ်ခူးရရှိရာ 'တိုက်တန်းနစ်'နှင့် 'ဘင်ဟာ'ရုပ်ရှင်ဇာတ်ကားများနှင့် အော်စကာဆုရရှိသည့်အရေအတွက်ချင်း အတူတူဖြစ်သွားသည်။

ရရှိ

အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို ဘာရီအော့စ်ဘွန်း၊ ပီတာဂျက်ဆင်နှင့် ဖရန်ဝေါလ်ရှ်တို့ထုတ်လုပ်သော The Lord of the Rings: The Return of the king က ရရှိသည်။

အကောင်းဆုံးအမျိုးသားရုပ်ရှင်သရုပ်ဆောင်ဆုကို ရှောင်ပိန်းက ဝါနာဘရော့စ် ရိုက်ကူးသည့် Mystic River ဓာတ်ကား၌ရရှိပြီး အကောင်းဆုံးအမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်ဆုကို ချားလ်လိုက်ဇ်သီရွန်က နယူးမားကက်ဖလင်က ရိုက်ကူးသည့် Monster ဓာတ်ကား၌ ရရှိခဲ့သည်။

ဆွတ်ခူး

အကောင်းဆုံး ဒါရိုက်တာဆုကို The Lord of the Rings: The Return of the king ဇာတ်ကား ရိုက်ကူးသည့် ပီတာဂျက်ဆင်ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို Mystic River ၌ ပါဝင်သရုပ်ဆောင်သည့် တင်မ်ရော့ဘ်ဘင်ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို Cold Mountain ဓာတ်ကား၌ ပါဝင်သရုပ်ဆောင်သည့် ရီနီးဇဲလ်ဝီဂါက လည်းကောင်း ဆွတ်ခူးရရှိကြသည်။

(အမ်အင်အေ၊ ရိုက်တာ)

ဖေဖော်ဝါရီ ၂၉ရက်က ဟောလီးဝုဒ်တွင် ကျင်းပသည့် (၇၆)နှစ်မြောက် နှစ်ပတ်လည် အကယ် ဒမီဆုပေးပွဲတွင် ဆုရရှိကြသော ချားလိုက်ဇ်သီရွန်၊ ရှောင်ပိန်း၊ ရီနီးဇဲလ်ဝီဂါနှင့် တင်မ်ရော့ဘ်ဘင်(ဝဲမှယာ)တို့ကို ဆွတ်ခူးရရှိသော အော်စကာဆုများနှင့်အတူ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ လုံခြုံရေးတာဝန်မယူနိုင်မှု အီရတ်ပြည်သူများ အမျက်ဒေါသထွက်

ဘဂ္ဂဒက်နှင့် ကာဘာလာ၌ ပေါက်ကွဲမှုများဖြစ်ပွား အပြစ်မဲ့ အီရတ်ပြည်သူများ သေကျေဒဏ်ရာရ

ကန်တို့အား ဆန့်ကျင် ဆန္ဒပြ



မတ် ၂ ရက်က ဘဂ္ဂဒက်မြို့၌ လုံခြုံရေး တာဝန်မယူနိုင်သော အမေရိကန်တို့အား အီရတ်ပြည်သူများဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

မတ် ၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အီရတ်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

တင်ဆောင်

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့ ခါဒီမီယာဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူများကို လူနာတင်ယာဉ်ပေါ်သို့ တင်ဆောင်ပေးနေစဉ်။ (ယင်းဗုံးပေါက်ကွဲမှုတွင် ၅၈ ဦးသေဆုံးပြီး ၁၂၈ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။) (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့ ခါဒီမီယာဒေသ၌ ဗုံးများအဆက်မပြတ် ပေါက်ကွဲနေသဖြင့် အီရတ်ပြည်သူများက အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သော အီရတ်ကလေးငယ်တစ်ဦးကို ပွေ့ချီသယ်ဆောင်လာစဉ်။ (ကာဘာလာနှင့် ဘဂ္ဂဒက်မြို့တို့၌ ပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

ကားလမ်းဖြင့်မြန်မာနိုင်ငံ၏တောင်ဘက်အစွန်ဆုံးကော့သောင်းမြို့အထိသွားလာနိုင် ရထားလမ်းဖြင့်မော်လမြိုင်မှ ရေး—ထားဝယ်အထိနေ့ချင်းပေါက်သွားလာနိုင်ပြီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ပုလောတပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန် မှာကြားစဉ်။

(သတင်းစဉ်)

■ ရွှေ့ဖုံးမှ

မိသားစုဝင်များအားတွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံငွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ပုလောတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ဦးစီးခေါင်းဆောင်သည့် မိမိတို့အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ တနင်္သာရီတိုင်းအတွင်း ရောက်ရှိပြီး တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုကြည့်ရှုလေ့လာ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ပုလောမြို့သို့ ယနေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုတွေ့မြင်နေရ

တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ရယူရပြီးနောက် ဖွံ့ဖြိုးရေး စီမံကိန်းများ စနစ်တကျချမှတ်၍ ဆောင်ရွက်ခဲ့ရာ ကဏ္ဍစုံဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ ထင်ထင်ရှားရှား တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရရှိထားသည့် ဖွံ့ဖြိုးတိုးတက်မှုများကို အခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်ညီညီညွတ်ညွတ်ပူးပေါင်း၍ ဒေသအလိုက် စားနပ်ရိက္ခာ ဖူလုံအောင်၊ စီးပွားဖွံ့ဖြိုးတိုးတက်အောင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ပုလောဒေသသို့ လွန်ခဲ့သည့် သုံး၊လေးနှစ်ခန့်က မိမိတို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း။

ပုလောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဒေသအလိုက် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအပိုင်းက အမြဲတမ်းကြံစည်အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ တိုင်းလည်း တိုင်းအလျောက်၊ ခရိုင်လည်း ခရိုင်အလျောက်၊ မြို့နယ်လည်း မြို့နယ်အလျောက် ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းကြံစည်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွင်း အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ခြင်း ရှိ–မရှိ ကဏ္ဍအလိုက် လေ့လာဆန်းစစ်၍ လိုအပ်သည်များကို ပြင်ဆင် ဖြည့်ဆည်းဆောင်ရွက်ကြရင်း တိုးတက်သည်ထက် တိုးတက်လာအောင်လုပ်ကိုင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပုလောတံတားကြည့်ရှု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုလောမြို့ကိုလည်းကောင်း၊ ဖွင့်လှစ်ပြီးဖြစ်သည့် ပုလောတံတားကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပလောက်မြို့သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပလောက်တပ်နယ်ခန်းမ၌ ပလောက်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပလောက်တပ်နယ်မှတပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ဒေသဖွံ့ဖြိုးရေးတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်က ပလောက်ဒေသ၏အခြေအနေ၊ ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ၊ ဒေသဆန်ဖူလုံပိုလျှံမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ပုလောတပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သည့်အဖွဲ့ တနင်္သာရီတိုင်းသို့ရောက်ရှိလာသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ပဏာမရှင်းလင်းပြောကြားသည်။

ကွက်ပြည့်ဖော်ဆောင်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရပ်ရွာဒေသအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးရေး၊ ပြည်ထောင်စုစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ နယ်မြေဒေသအလိုက် လုံခြုံခိုင်မာရေးတို့ကို ကွက်ပြည့်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားလမ်းညွှန်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ပလောက်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်ပြီး ပလောက်မြို့မှ ထားဝယ်မြို့သို့ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ထားဝယ်လေဆိပ်တွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးကျော်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မတ် ၁ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ ကျက်သရေဆောင်လောကမာရဇိန်ဘုရားကြီး၌ ထားဝယ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထားဝယ်မြို့ဇေယျဝတီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရိန္ဒမအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှဝေ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သာဂရထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထားဝယ်မြို့ ရွှေတောင်စားစေတီ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး မှတ်တမ်းလက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၇ ကော်လံ ၁

4-3 (6).p65 1 8/27/04, 7:04 PM

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပလောက်တပ်နယ်ခန်းမ၌ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပလောက်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

စာမျက်နှာ ၆ မှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင်ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ထားဝယ် ခရိုင်နှင့် ထားဝယ်၊ သရက်ချောင်း၊ ရေဖြူနှင့်လောင်းလုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

စီမံကိန်းရည်မှန်းချက်များတင်ပြ

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက ထားဝယ်ခရိုင်၌ စပါးသီးနှံအပါအဝင် အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသဆန်ဖူလုံမှု၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းစိုက်ပျိုးမှု၊ ခရိုင်၏သစ်တော၊ သတ္တု၊ လျှပ်စစ်ကဏ္ဍများအလိုက် ကုန်ထုတ်လုပ်မှု၊ကျေးလက်ဖွံ့ဖြိုးရေးနှင့်နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကိစ္စများ၊ စီမံကိန်းရည်မှန်းချက်များအပေါ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်နိုင်မှုအခြေအနေများ၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အရှိန်အဟုန်မပျက် လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကဖြည့်ဆည်းပြီး

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိရန်အရေးကြီးကြောင်း၊ တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသများ ဖြစ်သည့် ထားဝယ်နှင့် မြိတ်တို့၌ လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း။

ကားလမ်းဆိုလျှင် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့ထိသွားနိုင်သည့် ရေး-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ထားပြီး လိုအပ်သော မြစ်ကူး၊ ချောင်းကူး တံတားအားလုံးကိုလည်း တည်ဆောက်ထားပြီးဖြစ်ကြောင်း။

မြန်မြန်ဆန်ဆန်သွားနိုင်

ရေး-ထားဝယ် ရထားလမ်းဖြင့် မော်လမြိုင်မှထားဝယ်သို့ နေ့ချင်းပေါက်သွားလာနိုင်ပြီး အဆင့်မြင့် ပြုပြင်ဆောင်ရွက်နေသည့် လမ်းပိုင်း ပြီးစီးသွားပါက ယခုထက်အချိန်တိုတောင်းစွာ မြန်မြန်ဆန်ဆန်သွားနိုင်တော့မှာ ဖြစ်ကြောင်း။

တည်ဆောက်လျက်ရှိသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်) ပြီးစီးပါက ရန်ကုန်မြို့နှင့်ပါ တိုက်ရိုက် မြန်ဆန်စွာဆက်သွယ်သွားလာနိုင်ပြီး ဤဒေသ၏ဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုအရှိန်အဟုန်ရရှိလာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဖြူသည် မည်းသည်၊ နီးသည်ဝေးသည်ခွဲခြားမှုမရှိဘဲ ပြည်ထောင်စု တိုင်းရင်းသားများအားလုံး တတ်နိုင်သမျှ ဆူကြို နိမ့်မြင့်ကွာဟမှုလျော့နည်းပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ဒေသဖွံ့ဖြိုးရေးကြိုးပမ်း

နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရမည်တို့ကို တာဝန်ကျေကျေ ပံ့ပိုးဖြည့်ဆည်းပေးပြီးဖြစ်ရာ ထားဝယ်ဒေသအပိုင်းကလည်း ကုန်ထုတ်လုပ်မှုမြင့်မားလာအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရန်လိုအပ်ကြောင်း။

ဒေသတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များကို လူ့လုပ်အားဖြင့် တန်ဖိုးတက်လာအောင် ကြိုးပမ်းရင်း ထိထိရောက်ရောက်အားကြိုးမာန်တက်

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ထားဝယ်လေဆိပ်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ထားဝယ်တက္ကသိုလ်တွင် ထားဝယ်ပညာရေးကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေဖြူမြို့နယ်ဟိန်းဇဲတပ်နယ်ခန်းမတွင် ဟိန်းဇဲတပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေဖြူမြို့နယ် ဟိန်းဇဲတပ်နယ်ခန်းမတွင် ဟိန်းဇဲတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းထားဝယ်မြို့ မြို့တော်ခန်းမတွင် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၇ မှ

အလုပ်လုပ်သွားမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုရှိနိုင်မာမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လောင်းလုံးမြို့နယ် မောင်းမကန်ကမ်းခြေသို့ ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ကမ်းခြေရှိ ရှင်းလင်းဆောင်၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက မောင်းမကန်ကမ်းခြေသည် သာယာလှပသည့်ကမ်းခြေတစ်ခုဖြစ်ပြီး ကမ်းခြေမှာ ရှစ်မိုင်ခန့်ရှည်လျားပါကြောင်း၊ မောင်းမကန်ကမ်းခြေကို ငပလီ၊ ငွေဆောင်၊ ကမ်းသာယာကမ်းခြေများကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာအောင် ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဒေါက်တာခင်ရွှေက မောင်းမကန်ကမ်းခြေဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရန် ပြင်ဆင်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။

မောင်းမကန်စည်ကားလာမည်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးစည်ပင်သာယာလှပရေးလုပ်ငန်းကို ပင်မစီမံကိန်း(Master Plan) တစ်ရပ်ရေးဆွဲ၍ ကော်မတီဖွဲ့စည်းကာ တင်ပြညှိနှိုင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ရေရှည်တွင် ဤဒေသသို့လာရောက်သည့် လမ်းပန်းဆက်သွယ်မှုအခြေအနေများ

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပိုမိုတိုးတက်ကောင်းမွန်လာမှာဖြစ်၍ မောင်းမကန် ကမ်းခြေသည်လည်း စည်ကားလာမှာဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မောင်းမကန်ကမ်းခြေ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထားဝယ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး ထားဝယ်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ကထိကများ၊နည်းပြများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေး၊ ထားဝယ်ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးမဲအောင်၊ ထားဝယ်မြို့ အစိုးရ နည်းပညာကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ကြေးရီနှင့် ထားဝယ်မြို့အစိုးရကွန်ပျူတာ ကောလိပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထားဝယ်မြို့ ရွှေတောင်စားစေတီ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တွင် ရဟတ်ယာဉ်များဖြင့် ထားဝယ်မြို့မှ ရေဖြူမြို့နယ် ဟိန်းဇဲတပ်နယ်သို့ ရောက်ရှိပြီးတပ်နယ်ခန်းမ၌ ဟိန်းဇဲတပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမအမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား နှုတ်ဆက်အားပေးသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

မင်္ဂလာဒုံဥယျာဉ်မြို့တော် ဇမ္ဗူဥသျှောင်မြတ်ဘုန်းခေါင် မြို့ဦးစေတီများထီးတော်တင်လှူပူဇော်မည်

ရန်ကုန် မတ် ၃

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ ကျိုက်ထီးဆောင်းဆရာတော်ကြီးအား အမှူးထား၍ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် တည်ထားကိုးကွယ်တော်မူသော ဇမ္ဗူဥသျှောင်မြတ်ဘုန်းခေါင် မြို့ဦးစေတီများအား ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို မတ် ၅ ရက်(တပေါင်းလပြည့်နေ့)မှ မတ် ၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းတွင် မြိတ်မြို့ ကိုယ်ပွားသတင်းစာတိုက်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးသက်စိုးနှင့် တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးသည် ပုံနှိပ်စက်ရုံအဆောက်အအုံ၊ သိုလှောင်ရုံ၊ မီးစက်ခန်းနှင့် ရေသိုလှောင်ကန်၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြိတ်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အပိုင်းက တာဝန်ကျေကျေပံ့ပိုးဖြည့်ဆည်းပေးပြီးဖြစ်ရာ ဒေသအပိုင်းကလည်းကုန်ထုတ်လုပ်မှု မြင့်မားအောင်ကြိုးပမ်းအားထုတ်

တာဝန်ခံ ကျောင်းအုပ်ဒေါ်မြင့်မြင့်မော်တို့က တက္ကသိုလ်နှင့် ကောလိပ်များ အလိုက်တည်နေရာ၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ အထူးပြုဘာသာရပ်များ၊ သင်ထောက်ကူပစ္စည်း ဖြည့်ဆည်းထားမှုများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားမှုနှင့် ဆရာ ဆရာမအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေဖြူမြို့နယ် ဟိန်းဇဲတပ်နယ်မှ တစ်ဆင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ ဆက်လက်ထွက်ခွာပြီး ယနေ့ညနေပိုင်းတွင် မွန်ပြည်နယ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီး၌ ထားဝယ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေး မှာကြားစဉ်။

(သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၁၉၈၇၂၆

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အဆင့်မြင့်အသိပညာရှင်၊ အတတ်ပညာရှင် လူ့အရင်းအမြစ် ပြည့်စုံစွာ ရှိရန်လိုအပ်ပုံ၊ အမျိုးသား ပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်းချမှတ်၍ လိုအပ်သော အခြေခံများ ထူထောင်ခဲ့ရပုံ၊ ဆက်လက်ပြီး အရည်အချင်းမြင့်မားသော လူ့အရင်းအမြစ်များ (Highly Qualified Human Resources) မွေးထုတ်နိုင်အောင် ကြိုးပမ်းကြရန် လိုအပ်ပုံတို့ကို လမ်းညွှန်မှာကြားပြီး ထားဝယ်တက္ကသိုလ်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆရာဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ထားဝယ်တက္ကသိုလ်ရှိ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ထားဝယ်ပညာရေးကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့သို့ ဝင်ရောက်ပြီး စောင့်ကြိုနှုတ်ဆက်ကြသည့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မတ် ၂ ရက် နံနက်ပိုင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထားဝယ်မြို့ ဒေသခံတပ်ရင်းတွင် ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်မှာကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မတ် ၁ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ ဒေသခံတပ်ရင်း အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက် မှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းတွင် ကော့ကောင်းမြို့ရှိ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်ပြီး နံရံကပ်စာစောင်ပြသထားမှု၊ ခရိုင်ရုံးအဆောက်အအုံနှင့် ပညာ့အလင်းခေတ်မီစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြားအစီအစဉ်များကို အချိန်မှန် ပုံမှန်ပြသနိုင်အောင်ဆောင်ရွက်ရေး မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငပုတောမြို့နယ် ပြည်သူ့ဆေးရုံ ကြည့်ရှုစစ်ဆေး

ကျုံကူးကျေးရွာ အထက ကျောင်းခွဲ ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲတက်ရောက်

ရန်ကုန် မတ် ၃

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် နံနက်စနာရီ ၁၅မိနစ်က ပုသိမ်မြို့မှ ငပုတောမြို့နယ်သို့ တပ်မတော်ရေယာဉ်ဖြင့်ထွက်ခွာကြရာ ငပုတောမြို့နယ်ရှိ မြို့မတံတားဆိပ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပညာရေး၊ကျန်းမာရေး၊လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ တိုင်းကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ငွေကျပ် နှစ်သိန်းလှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးကြပြီး ထောက်ပံ့ငွေများကို ပေးအပ်ကာ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး၌အသုံးပြုမည့် ချွဲစုပ်စက် တစ်လုံးအတွက် ငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်စန်းသီတာအောင်က လက်ခံရယူသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် တပ်မတော်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ငပုတောမြို့နယ် ကျုံကူးကျေးရွာသို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဝင်းအတွင်း အသစ်တည်ဆောက်လျက်ရှိသော ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် အဆိုပါကျောင်းခွဲပိတောက်ခန်းမဆောင်၌ ကျေးရွာရှိလူမှုရေး အသင်းအဖွဲ့များနှင့်ရပ်မိရပ်ဖများအား တွေ့ဆုံပွဲအခမ်းအနားနှင့် ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားပြီး တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ကျုံကူးကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ တိုးချဲ့ဆောက်လုပ်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ငွေကျပ် ၁၀ သိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ငွေကျပ် ငါးသိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသိန်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ငွေကျပ် တစ်သိန်း၊ တိုင်းငါးလုပ်ငန်းဦးစီးဌာနက ငွေကျပ် သုံးသောင်း၊ တိုင်းရဲတပ်ဖွဲ့က ငွေကျပ် သုံးသောင်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့က ငွေကျပ် သုံးသောင်း၊ တိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် နှစ်သောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနက ငွေကျပ် တစ်သောင်း၊ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ငွေကျပ် တစ်သောင်း၊ တိုင်းလူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ငွေကျပ် သုံးသောင်း၊ တိုင်းမြေစာရင်းဦးစီးဌာနက ငွေကျပ် သုံးသောင်း၊ တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ငွေကျပ် တစ်သောင်း၊ တိုင်းလျှပ်စစ်ဓာတ်အားလုပ်ငန်းက ငွေကျပ် တစ်သောင်း၊ တိုင်းမြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းက ငွေကျပ် သုံးသောင်း၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက ငွေကျပ် သုံးသောင်း နှင့် ရွှေမေတ္တာ ဓိဝမြေသြဇာက ငွေကျပ် ငါးသောင်း စုစုပေါင်းငွေကျပ် ၂၆ သိန်း ငါးသောင်းကို လှူဒါန်းကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက် တောင်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်တို့က လက်ခံရယူကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် တပ်မတော်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်မြေခံတပ်နယ်ခန်းမ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ရှေးဦးစွာ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက ဟိုင်းကြီးကျွန်းမြို့၏ နောက်ခံသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားနေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမောင်ဦးလွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၃ ရက်က စမ်းချောင်းမြို့နယ် အထက(၁)ရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းက ကျောင်းအုပ်ဆရာမကြီးအား စုပေါင်း ပေးအပ်စဉ်။ (၁၂၉)

နိုင်ငံတော် အစိုးရ၏လုပ်ရပ်နှင့် စေတနာမှန်ကိုသိမြင်

တောတွင်းလက်နက်ကိုင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ရန်ကုန် မတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့်နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာမှန်ကိုသိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့ အစည်းများသည် ၎င်းတို့၏မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ အတွင်း–

တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ

တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာအေတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားအိုက်ကျောက်သည်လည်းကောင်း၊ ရင်း(၇)ခွဲ(၅)မှ တပ်သား စိုင်းခင်မောင်သည် အမ် ၂၂ မောင်းပြန်ရိုင်ဖယ် တစ်လက် ၎င်းကျည်အိမ်(၁)ခု၎င်းကျည်အတောင့် ၃၀ တို့ဖြင့် လည်းကောင်း၊

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ

အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်နယ်မြေတွင် ကေအင်န်ပီပီ တောတွင်း လက်နက်ကိုင်အဖွဲ့ရင်း(၂)ခွဲ (၂)မှ တပ်ကြပ်အဆင့်ရှိ ကွိကွိ၊ တပ်သားအောင်ငဲနှင့် လုရယ်တို့သည် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ အမ် ၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ် ၁၆ နှင့် အမ် ၇၉ လောင်ချာတွဲ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု ကျည်မျိုးစုံ အတောင့် ၃၂၀၊ ဗုံးသီး ၁၀ လုံးတို့ဖြင့် လည်းကောင်း၊

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင် အဖွဲ့တပ်မဟာ(၁) ဒီအိုရင်း(၂)ခွဲ(၄)မှ တပ်သားကြည်ဝင်းသည်လည်းကောင်း၊ ဗကပတောတွင်း လက်နက်ကိုင်အဖွဲ့မှ ခရိုင်စည်းရုံးရေးမှူး ဦးကျော်ဟန်သည် ပွိုင့် ၂၂ ပစ္စတိုတစ်လက် ၎င်းကျည်ရှစ်တောင့် တို့ဖြင့်လည်းကောင်း၊ မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်အဆင့်ရှိ ဝင်းဌေး၊ တပ်သားနိုင်ဦး၊ ကျော်ဦးနှင့် အောင်စိုးတို့သည် အမ် ၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ အေကေ ၄၇မောင်းပြန်ရိုင်ဖယ် သုံးလက်၊ အမ် ၇၉ ဒုံးပစ်လောင်ချာ နှစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ ကျည်မျိုးစုံ ၁၅၂ တောင့်၊ ၄၀ မမဗုံးသီး ၁၃ လုံး၊ အိုင်ကွန်တစ်လုံး တို့ဖြင့် လည်းကောင်း၊

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင် အဖွဲ့တပ်မဟာ (၄)ဌာနချုပ် အထူးလုံခြုံရေးတပ်ခွဲမှ အရာခံဗိုလ်အဆင့်ရှိ စောသေးဝါးသည် အေကေ ၄၇မောင်းပြန် ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၆ တောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၁)ခွဲ(၂)မှ ဆေးတပ်သား စောလားလာသည် ရှေ့ထွက် မိုင်း နှစ်လုံးတို့ဖြင့် လည်းကောင်း၊ ဒီအိုရင်း (၇)ခွဲ(၁)မှ ဒုတပ်ကြပ်အဆင့်ရှိ စောထီးခူး ဇနီးနော်ဖော်လာ၊ သားစောထီးရိုခူ နှင့် စောခေါ်လာထူးတို့သည် လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင် အဖွဲ့ရင်း (၂၀၂)မှ ဒုဆေးတာဝန်ခံကြည်စိုး၊ ဇနီး မခင်မာချို ၊ သမီးစိုးစန္ဒာကျော်နှင့် နှင်းနှင်းဝေ၊ သားကျော်သွင်တို့သည် လည်းကောင်း၊ အင်န်ဒီအေတောတွင်း လက်နက်ကိုင်အဖွဲ့မှ နယ်မြေခံ ဝင်းဇော်ဦးနှင့် စောဖောဝေတို့သည် လည်းကောင်း၊ ဒုတပ်ခွဲမှူးအဆင့်ရှိ တင်မောင်မြင့်၊ တပ်ကြပ်ကြီးအဆင့်ရှိ မြတ်ကျော်နှင့်ဇနီးနော်အေး၊ သားမောင်သိန်းသိန်းလေး၊ တပ်ကြပ်အဆင့်ရှိ ဝင်းနိုင်၊ တပ်သားဝင်းဘိုနှင့်ဇနီး နော်ယုချော၊ သားမောင်ကျော်သူ၊ တပ်သားမောင်ဇင်၊ အေးလွင်၊ ဖိုးဇော်၊ တပ်သားမောင်ကျော်နှင့် ဇနီးနော်တာလီ၊ တပ်သားကျော်ကော်လည်နှင့် ဇနီး နော်ဂါးဒီ၊ သမီးမပန်းနွဲ့၊ သားမောင်ကော်ဖီ၊ တပ်သားသံချောင်း၊ တပ်သားမောင်ထွေးနှင့်ဇနီး မသန်းကြူ၊ တပ်သားရန်ကြီးအောင်နှင့်ဇနီး မချစ်ဖို၊ သမီးများဖြစ်ကြသည့် မသူဇာမေ၊ မဝင်းမော်နှင့် မပန်းဝါတို့သည် အာရ်ပီဂျီလောင်ချာ နှစ်လက်၊ အမ် ၁၆ မောင်းပြန် ရိုင်ဖယ်တစ်လက်၊ အေကေ ၄၇ မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်မျိုးစုံ ကိုးခု၊ ကျည်မျိုးစုံ ၁၅၂ တောင့်၊ လက်ပစ်ဗုံး ငါးလုံး၊ ဗုံးသီး ရှစ်လုံး၊ ရှေ့ထွက်မိုင်း နှစ်လုံးတို့ဖြင့် လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

အဆိုပါရက်များအတွင်းလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ ၄၉ ဦးအား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုခဲ့ ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူများစိတ်လက်ချမ်းသာစွာအပန်းဖြေအနားယူနိုင်မည့် လှပခံ့ညားသည့်အဆင့်မြင့်ဥယျာဉ်ကြီးအဖြစ် ပြုပြင်တည်ဆောက်

ရန်ကုန် မတ် ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ Central Symbol Zone ရှိWater Plaza တည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်သူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် ကန်တော်ကြီး ဥယျာဉ် Recreation Zone, Education Zone နှင့် Central Symbol Zone များ၌ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့လုပ်ငန်းကော်မတီ အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက် နေမှုလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တာဝန်ရှိသူအားလုံးက မိမိတို့၏အတတ်ပညာနှင့် အတွေ့ အကြုံများ ပေါင်းစပ်ကာ ပြည်သူများ စိတ်လက်ချမ်းသာစွာ အပန်းဖြေအနားယူ နိုင်မည့် အရှည်တည်တံ့ လှပခံ့ညားသည့် အဆင့်မြင့်ဥယျာဉ်ကြီး ပြုပြင် တည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီး ဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက် ပြီးစီးမှုလုပ်ငန်း၊ Recreation Zone ရှိ Barbecue Garden အဆင့်မြင့် စားသောက်ဆိုင် တည်ဆောက်ရေးလုပ်ငန်း၊ Education Zone ရှိ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် ခေတ်မီငါးပြတိုက် တည်ဆောက် ရေး လုပ်ငန်း၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ နာနတ်၊ သဘော်သီး စသည့် သီးနှံ ၃၇ မျိုး စိုက်ပျိုးပြသမည့် သစ်သီးဥယျာဉ်နှင့် မျိုးပွားခြင်း ပြကွက်၊ ဟင်းသီးဟင်းရွက်စိုက်ခင်း ပြကွက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေး ပြကွက်၊ သစ်ခွအရောင်းဆိုင်နှင့် သစ်ခွပန်းစိုက်ခင်းပြကွက်၊ ဓာတုဆေးလွတ် စိုက်ခင်း ပြကွက်၊ အာဟာရရည်ဖြင့် ဟင်းသီးဟင်းရွက်စိုက်ခင်း ပြကွက်နှင့် ပန်းမန်ပြကွက်တို့ကို လည်းကောင်း၊ သစ်ပင်ပျိုးဥယျာဉ် ပျိုးပင်အရောင်းဆိုင် များ၊ စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များ တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ ကန်တော်ကြီးဥယျာဉ် သန့်ရှင်းရေးအတွက် ဆောင်ရွက်ထားမှု လုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုရာ မြို့တော်ဝန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည် များကို တာဝန်ရှိသူတို့အားမှာကြားပြီး နံနက်ပိုင်းတွင် ကန်တော်ကြီး ဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းခွင်မှ ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)

မတ် ၃ ရက်က အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံဝင်းအတွင်းရှိ ဘောလုံးကွင်းပြုပြင်တည်ဆောက်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးစဉ်။ (အား/ကာ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းမှုများကြောင့်ဘိန်းစိုက်ပျိုးမှုကျဆင်းလာ စိတ်ကြွဆေးပြားများထုတ်လုပ်မှုနှင့် သယ်ဆောင်မှု သိသိသာသာကျဆင်းသွား

ရန်ကုန် မတ် ၃

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (International Narcotics Control Board-INCB) ၏ ၂၀၀၃ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာအစီရင်ခံစာနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (United Nations Office on Drug and Crime-UNODC) ညှိခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်း၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် နိုင်ငံခြား သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)ဌာနေကိုယ်စားလှယ် Mr. Jean-Luc Lemahieuနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သိသိသာသာကျဆင်း

သတင်းစာရှင်းလင်းပွဲတွင် UNODC မှ ဌာနေကိုယ်စားလှယ် Mr. Jean-Luc Lemahieu က ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (INCB) ၏ ၂၀၀၃ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာကို ရှင်းလင်းတင်ပြရာတွင် ၂၀၀၃ ခုနှစ်၌ အရှေ့နှင့် အရှေ့တောင် အာရှဒေသတို့၌ တရားမဝင် ဘိန်းစိုက်ပျိုးမှု ဧရိယာ ဆက်လက်ကျဆင်း လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရ၏ စဉ်ဆက်မပြတ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းမှု များကြောင့် ဘိန်းစိုက်ပျိုးမှုမှာ ၁၉၉၆ ခုနှစ် အခြေအနေနှင့် နှိုင်းယှဉ်လျှင် သုံးပုံနှစ်ပုံ ကျဆင်းလာပြီဖြစ်ကြောင်း၊ ထို့အတူ အင်ဖက်တမင်း စိတ်ကြွဆေးပြားများ ထုတ်လုပ်မှုနှင့် သယ်ဆောင်မှုတွင် ဖမ်းဆီးရမှုအနေဖြင့် မြန်မာနိုင်ငံသည် ၂၀၀၂ ခုနှစ်၌ သိသိသာသာ ကျဆင်းသွားသည်ကို တွေ့ရကြောင်း။

၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး စာချုပ်နှင့် ၁၉၈၂ ခုနှစ် မူးယစ်ဆေးဝါး တားဆီးရေး စာချုပ်များတွင် မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့ ၂၀၀၃ ခုနှစ် ဇွန်လနှင့် ဩဂုတ်လတို့တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်လာခြင်းကို ကြိုဆိုပါကြောင်း။

ပူးပေါင်းမှုလိုလား

မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါး နှိမ်နင်းရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခဲ့ကြပြီး ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် အဆိုပါစာချွန်လွှာကို ဆက်လက် အကောင်အထည်ဖော်ရန် ထပ်မံအတည်ပြုကြကာ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးသယ်ဆောင်မှုပူးပေါင်းနှိမ်နင်းရေး၊ အင်ဖက်တမင်း ဆေးဝါးကိစ္စ၊ အကြောထဲဆေးသွင်းရာမှ HIV ရောဂါပိုးကူးစက်မှုကာကွယ်ရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ကြရန် အတည်ပြုနိုင်မှုများကို ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် လိုလားထောက်ခံပါကြောင်း။

ထို့အပြင် မြန်မာနှင့်တရုတ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၃ခုနှစ် ဧပြီလတွင် အဓိကမူးယစ်ဆေးဝါးထုတ်လုပ်မှု နှိမ်နင်းရေးလုပ်ငန်းအပေါ် အားရကျေနပ်ပါကြောင်း။

မြန်မာနိုင်ငံ၌မူးယစ်ဆေးဝါး ဘိန်းစိုက်ပျိုးမှုမှာ ၂၀၀၂ခုနှစ်က ၈၁၄၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ၆၂၂၀၀ဟက်တာသာရှိတော့ရာ ၂၄ ရာခိုင်နှုန်း သိသိသာသာလျော့ကျသွားအောင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

မိမိတို့UNODCအနေဖြင့်မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပပျောက် ရေး လုပ်ငန်းများကို နိုင်ငံတကာ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ဂျပန်နှင့် အီတလီနိုင်ငံများက ကူညီပံ့ပိုးလျက်ရှိကြောင်း၊ ကိုးကန့်ဒေသနှင့် ‘ဝ’ ဒေသမူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းတွင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၂၆ သန်း ကုန်ကျရန်ရှိသည့် အနက် မိမိတို့အဖွဲ့အနေဖြင့် အမေရိကန်ဒေါ်လာ ခြောက်သန်းခန့် ရရှိနေကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဝင် နိုင်ငံခြားသတင်းထောက်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက ၂၀၀၃ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာပါအချက်အလက်များ၊ UNODC ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းရပ်များအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ UNODC ဌာနကိုယ်စားလှယ် Mr. Jean-Luc Lemahieu ကပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ မြို့မကွင်း၌ စစ်ကြောင်းကြီးများ (တပ်ပါ) လေ့ကျင့်မှုများကို ကြည့်ရှု စစ်ဆေးစဉ်။ (ထပစ)

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၃

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ကဗျာပြိုင်ပွဲများမှ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

အဆင့်(၁) ကဗျာတိုပြိုင်ပွဲ

အဆင့်(၁)ကဗျာတိုပြိုင်ပွဲတွင် ဘုံတောင်မြေ နေဦးခက်၏ "သမိုင်းစံယူ သရဖူဆောင်း အတိတ်ပစ္စုပ္ပန်အနာဂတ်သူရဲကောင်း"က ပထမ၊ အဖျောက်မြေ မောင်ဆွေမွန်၏ "ပင်မြင့်စံ ပန်းတစ်ခက် နန်းထက်မှာ လန်းလျက်ပါ"က ဒုတိယ၊ စွမ်းဝေ(ဇီးကုန်း)၏ "ပန်းစုံပွင့်ကြ ပန်းဂုဏ်ဝင့်ပ တင့်လှခိုင်သန် ရွှေနိုင်ငံ"က တတိယ၊ ချစ်ဒေါင်းနွယ်၏"ပြည်သစ်လမ်းနှင့် ပန်းမြိုင်လယ်"က အထူးဆု(၁)၊ မောင်စိုးမြတ် (ချောင်းဦး)၏ "ပုဂံအလင်းအောင်လံနှင်း"က အထူးဆု(၂)နှင့် မောင်ဘုန်းဝေ (တောင်ကုတ်)၏"ကမ္ဘာဇမ္ဗူ မြန်မာလူ"က အထူးဆု(၃)တို့ အသီးသီးရရှိကြသည်။

အဆင့်(၁) ကဗျာရှည်ပြိုင်ပွဲ

အဆင့်(၁) ကဗျာရှည်ပြိုင်ပွဲတွင် မောင်သင်းပျံ့(ကျိုက်ထော်)၏ "ရွှေနိုင်ငံသစ် အုတ်မြစ်များ"က ပထမ၊ မောင်ဝမ်းထွန်း(စလေ)၏ "သွေးကသစ္စာ မေတ္တာပန်းခင်း လင်းစအရုဏ်"က ဒုတိယ၊ စွမ်းဝေ(ဇီးကုန်း) ၏ "ရွှေမြေအလား နေလဖွားမြင် တောက်ကြွားရင်နှစ် ငွေကြယ်စင်"က တတိယ၊ ရွှေညာသား မြတ်မင်း၏ "မော်ကွန်းသစ်တည် ပန်းရွှေပြည်"က အထူးဆု(၁)နှင့် မင်းသွေးနွယ် (ဇီး ကုန်း)၏ "သမိုင်းဆင့်ထပ် ပြည့်သားမြတ် အနာဂတ်ရွှေပြည် မော်ကွန်းတည်"က အထူးဆု(၂)တို့ အသီးသီးရရှိကြသည်။

အဆင့်(၂) ကဗျာရှည်ပြိုင်ပွဲ

အဆင့် (၂) ကဗျာရှည်ပြိုင်ပွဲတွင် မျိုးခိုင်(မူဆယ်)၏ "ဖွံ့ဖြိုးဝေစည် မြန်မာပြည် ခေတ်မီတပ်မတော်"က ပထမ၊ မျိုးစစ်သည်၏ "တိုးတက်ခေတ်မီ နိုင်ငံပြည် ဦးတည်မျှော်မှန်း အနာဂတ်လမ်း"ကဒုတိယ၊ ဟိန်းထက်စိုး၏ "မြင့်မြတ်နှလုံးသားပိုင်ရှင်များ"က တတိယ၊ တက္ကသိုလ်နွယ်သဇင်၏ "မြန်မာ့ဟော့နော် တပ်မတော်ဟု ကြွေးကြော်မည်ဟည်း အောင်စည်တီး"က အထူးဆု(၁)၊ ရှင်လန်း၏ "တို့ပိုင်တဲ့မြေရတနာမွေနှစ်"က အထူးဆု(၂)၊ ဖေသိန်းမြင့်၏ "ပြည်ထောင်စုသား ညီညွတ်အားနှင့် နိုးကြားထွန်းပေါ် တပ်မတော်"က အထူးဆု(၃)၊ သာခုမြေဘုန်းရှိန်၏ "တျာနီသော မြန်မာပြည်စာမျက်နှာ"က အထူးဆု(၄)နှင့် ကျော်ထင်အောင် (ဆင်မြီးဆွဲ)၏ "အတိုင်းမသိ တို့ရွှေပြည်၏ ဦးဆောင်ရှင်"က အထူးဆု(၅)တို့ အသီးသီးရရှိကြသည်။

အဆင့်(၂) ကဗျာတိုပြိုင်ပွဲ

အဆင့်(၂) ကဗျာတိုပြိုင်ပွဲတွင် ခွန်သစ်အောင်(ရေး)၏ "ထုံရနံ့အဆင်း ဂုဏ်ပျံ့သင်း သန့်ရှင်းဝင့်မော် တို့တပ်မတော်"ကပထမ၊ သူဇာနွယ်(ဖျာပုံ)၏ "ကြာရှည်ကမ္ဘာတည်စေသောဝ်"က ဒုတိယ၊ ပုဏ္ဏဝတီတင့်နှောင်း၏ "မြန်မာတို့ခေတ်မော်ကွန်းသစ်"က တတိယ၊ အောင်ကိန်း (စစ်ကိုင်း)၏ "ဂုဏ်ရည်ဖော်ညွှန်းမြတ်မော်ကွန်း"က အထူးဆု(၁)၊ ကောင်းညွှန့်ဝေ(ရေစကြို)၏ "ရွှေမော်ကွန်းသစ် ရွှေတစ်ခေတ်ကို ဖွင့်လှစ်ပေးသော တပ်မတော်" က အထူးဆု(၂)၊ မေသက်နွယ်ဦး၏ "အလှဖန်တီး ခရီးအသစ် ရွှေခေတ်လမ်း"က အထူးဆု(၃)၊ ထွန်းနိုင်၏ "မြင့်မြတ်ဂုဏ်ကျော် သမိုင်းထဲကမြန်မာ့တပ်မတော်"က အထူးဆု(၄)၊ တက္ကသိုလ်ချောအိအိဇင်၏ "ရှိန်လွှင့်ဖျပ်ဖျပ်ဂုဏ်မြတ်ထွန်းကျော် တိမ်ယံဝင့်သည် ကြယ်ပွင့်တပ်မတော်"ကအထူးဆု(၅)၊ ဖိုးသာအောင်(ဆားလင်းကြီး)၏ "မောင့်မွေးမေ တေးဆိုကလို့ရယ်ကြိုပါ့မယ်လေး"က အထူးဆု(၆)၊ စိုးတင့်ထူး(မအူပင်)၏ "ရွှေသမိုင်းနှင့် ရွှေတိုင်းပြည်"က အထူးဆု(၇)နှင့် သဲမြညာ၏ "မြန်မာ့ရွှေခေတ် တစ်ခန်းလှစ်ပြည်သစ်ဂုဏ်မော် တပ်မတော်"က အထူးဆု(၈) တို့ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ်၂၇ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများ ချီးမြှင့်ကြမည်ဖြစ်ပြီး ကျန်ဆုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင် (၅၉)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားများ၌ ဆုများချီးမြှင့်ကြမည် ဖြစ်ကြောင်းသိရသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများသည် ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၂ ရက်တွင် လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ အခမ်းအနားတွင်ပါဝင်မည့် စစ်ကြောင်းကြီးများတပ်ပါ စစ်ရေးပြလေ့ကျင့်

ရန်ကုန် မတ် ၃

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၇နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံ၌ တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ စစ်ရေးပြ လေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင် စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင့်ဝေ ဦးဆောင်သည့် အောင်ဇေယျ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ဦးကျော် ဦးဆောင်သည့် ဆင်ဖြူရှင် စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွှန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါ စစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို (၅၉) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့်ဗိုလ်ချုပ်ဝင်းမြင့်၊ဗိုလ်ချုပ်အောင်ကြည်၊ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မန်းမြို့သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများ

ရန်ကုန် မတ် ၃

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့သည် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို "ဖွံ့ဖြိုးသာယာပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေစောင့်ထိန်းလေ"ခေါင်းစဉ်များဖြင့် ဖိတ်ခေါ်ကျင်းပခဲ့သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများအား စိစစ်အကဲဖြတ်ခြင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ အကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးဦးကိုကိုထွေး၊ ဓာတ်ပုံပညာရှင်များဖြစ်ကြသော ဦးမြင့်ကြွယ်၊ ဦးထွန်းရွှေ၊ ဦးဖေခင်၊ ဦးလှကြွယ်၊ ဦးဖေမြင့်ဦး၊ ဦးလှအေးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးထွန်းမင်းတို့ တက်ရောက်၍ အကဲဖြတ်စိစစ်ရွေးချယ်ကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"ခေါင်းစဉ်ဖြင့် (ဆုမရရှိသေးသူများအတန်း)၌ ပထမ AK Moe(သတ္တဗေဒ)၊ ဒုတိယ စိန်ဝင်းထွေး၊ တတိယ အဏ်ထော်ဏီ (မော်လမြိုင်)နှင့် အထူးဆုများအဖြစ် ဦးသန်းဝေ (တောင်ကြီး)၊ AK Moe (သတ္တဗေဒ)၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)တို့ဖြစ်ကြပြီး (ဆုရရှိပြီးသူများအတန်း)၌ ပထမ စောသိန်းဝင်း (မြို့တော်သတင်း)၊ ဒုတိယညောင်ဦးဖိုးချို၊ တတိယရွှေအင်းသားခင်မောင်ဝင်းနှင့် အထူးဆုများအဖြစ် အောင်မင်းဦး(မီးရထား)၊ ညောင်ဦးဖိုးချို၊ စိုင်းခမ်းလင်း(Hawk Eyes)၊ အောင်မင်းဦး(မီးရထား)တို့ဖြစ်ကြသည်။

"ယဉ်ကျေးမှုအမွေစောင့်ထိန်းလေ" ခေါင်းစဉ်ဖြင့် (ဆုမရရှိသေးသူများ အတန်း)၌ ပထမ ဦးလှမောင်(မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ ဒုတိယ ဦးသန်းအောင်(ပြန်/ဆက်)၊ တတိယ ကိုအောင်သန်း(ဇရော)နှင့် အထူးဆုရရှိကြသူများမှာ မြင့်နိုင်(ယမုံနာ)၊ ဦးသိန်းကြည်(ဇော်ရဲထွဋ်-တနင်္သာရီ)၊ မောင်မောင်စိုး(သစ်တော)၊ ကျော်သာ (ဟိုက်ချင်း) တို့ဖြစ်ကြပြီး (ဆုရရှိပြီးသူများအတန်း)၌ ပထမ ညောင်ဦးဖိုးချိုတို့ ဖြစ်ကြသည်။

ဆုရရှိကြသော ဓာတ်ပုံပညာရှင်များသည် ဆုရဓာတ်ပုံ၏မူရင်းနဂ္ဂတစ်ဖလင်ကို ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ဧပြီ ၇ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ပြီး ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများကို ရန်ကုန်မြို့တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများ ချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မတ် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ်ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေးတတိယနေ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအဖြစ် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တမာလာလင်္ကာရ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာမင်းထင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇိန္ဒသိရီ၊ ကယားပြည်နယ် လွိုင်ကော်မြို့ တောင်မော့ သာသနာပြုကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏ၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိမ်းတန်ကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘနနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရတို့အား တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ တနင်္သာရီတိုင်း ထားဝယ်မြို့ ဃောသိတာရာမ တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသက ဆောင်ရွက် တော်မူ၍ အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ တွဲဖက်အကျိုး တော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင် ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေး ထမြောက်ကြောင်းနှင့် ယနေ့ ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာ လျှောက်ထားတော်မူသည်။

ပြန်လည်ရှင်းလင်းလျှောက်ထား

အစီအစဉ်အရ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအပေါ် ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ပြန်လည် ရှင်းလင်းလျှောက်ထားတော်မူပြီး အစည်းအဝေး၏ အတည်ပြုချက်ရယူတော် မူကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ပြန်လည်ကျင်းပရာ သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့် ၂၅ ရာခိုင်နှုန်းအနားယူခြင်းကိစ္စ၌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ လက်ရှိဥက္ကဋ္ဌဆရာတော်အား ထည့်သွင်းခြင်းမပြုဘဲ ရာသက်ပန်ဥက္ကဋ္ဌဆရာတော်အဖြစ် ထားရှိပေးတော်မူပါရန် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝ တောရ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသက တင်သွင်းလျှောက်ထားတော်မူသည်။

ထို့နောက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၂၅ ရာခိုင်နှုန်းအနားယူခြင်း ဆိုင်ရာ လုပ်ငန်းစီမံချက်အရ ဒုတိယအကြိမ် သုံးနှစ်တာ သက်တမ်းတွင် အနားယူသွားကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ အမည်စာရင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက တင်သွင်းလျှောက်ထားပြီး လုပ်ငန်းစီမံချက် အခန်း ၄၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(၄)ကို အခမ်းအနားမှူး ဆရာတော်က ရှင်းလင်းလျှောက်ထားတော်မူသည်။

အတည်ပြုချက်ရယူ

ဆက်လက်၍ အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိက တင်သွင်းတော်မူပြီး သဘာပတိဆရာတော်က အစည်းအဝေး၏ အတည်ပြုချက် ရယူတော်မူသည်။

ထို့နောက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၂၅ ရာခိုင်နှုန်းအနားယူခြင်း ဆိုင်ရာ လုပ်ငန်းစီမံချက်အရ ပဉ္စမအကြိမ် ဒုတိယသုံးနှစ် သက်တမ်းတွင် အစားထိုးရွေးချယ်ခံရသည့် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၏ အမည်စာရင်းကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးကိုယ်စား အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက ဖတ်ကြားတင်သွင်းတော်မူပြီး အစည်းအဝေးသဘာပတိဆရာတော်က အစည်း အဝေး၏အတည်ပြုချက်ကို ရယူတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရက ပဉ္စမအကြိမ် ဒုတိယသုံးနှစ်သက်တမ်းတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဆရာတော်များနှင့် တွဲဖက် အကျိုးတော်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းများကို ဖတ်ကြား တင်သွင်းတော်မူပြီး အစည်းအဝေးသဘာပတိဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ယင်းနောက် အစည်းအဝေးသဘာပတိဆရာတော်က နိုင်ငံတော်ဝိနိစ္ဆယ အဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကိုတစ်ပါးချင်း ဆက်ကပ်တော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေးတွင် ချမှတ်ခဲ့သည့်အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်း စာအုပ်ကြီး၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ၁၅ ပါး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်နှင့် ဂိုဏ်းအသီးသီး၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်ဆရာတော် တစ်ပါးစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတ၏ ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိဂမနဩဝါဒကထာကို အစည်း အဝေးသဘာပတိ ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ တနင်္သာရီတိုင်း ထားဝယ်မြို့ ဃောသိတာရာမတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသက ဖတ်ကြားတော်မူသည်။

အောင်မြင်စွာကျင်းပပြီးစီး

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာ တော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက “ဓယန္တော ဗောဓိယာမူလေ” အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ် ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆိုကာ ပဉ္စမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ညနေ ၃ နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွား သည်။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများနှင့် ဆရာတော်များအား ယနေ့တွင် ဦးလှအေးနှင့် ကိုးပါးဆေးမိသားစု (အမှတ် ၁၇၇၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်)က ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပြီး တိုင်းရင်းဆေးများဖြစ်သည့် ကိုးပါးဆေး၊ ကျားလေးကောင်လိမ်းဆေးနှင့် ဂဠုန်ရာဇာလိမ်းဆေးတို့ကို ဆရာတော်များအား လောင်းလှူကြသည်။

(သတင်းစဉ်)

တကျွန်းဇမ္ဗူ အောင်ဗောဓိစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် မတ် ၃

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ဘုရားချောင်းရွာရှိ တကျွန်းဇမ္ဗူအောင် ဗောဓိစေတီတော်နှင့် ဓာတ်တော်တိုက်ရှိ ဓာတ်တော်မွေတော်များကို တပို့တွဲ လပြည့်နေ့တွင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရာ၌ ဘုရားရင်ပြင်တော်တွင် နေပူခံ ကျောက်ပြားခင်းခြင်း၊ ခေါင်းလောင်းတင်လှူခြင်းများကို တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ(ဝေဠုဝန်)ဆရာတော်ကြီးနှင့် (ရွှေကျင်)မောင်းထောင်ဆရာတော်ကြီး တို့က ဘုရားရင်ပြင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘိုးဘွားလက်ထက်မှ သောက်ရေကန်ကို အကျယ် ၅၅ ပေ၊ အနက် ၉ ပေချဲ့ထွင်ပြီး မိုးရေကန်အဖြစ် ပြုပြင်လှူဒါန်းမှုကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ဇနီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(က-ပ)**

အလိုတော်ပြည့် ဆရာတော်ကြီးအား ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)မှဂုဏ်ဝိသိဋ္ဌပူဇော်မည်

ရန်ကုန် မတ် ၃

အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခြင်းခံသည့် ရသေ့တောင်မြို့နယ် အသင်းနာယက အလိုတော်ပြည့် ဆရာတော်အား ဂုဏ်ဝိသိဋ္ဌ ပူဇော်ပွဲ၊ နည်းပညာ ထူးချွန်တံဆိပ် (ဒုတိယဆင့်) ဆုချီးမြှင့်ခြင်းခံရသည့် အသင်း နာယက ဒေါက်တာကျော်သိန်းအား ဂုဏ်ပြုပွဲနှင့် မြို့နယ်အသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၉ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တာမွေလေးရပ်ကွက် အလိုတော်ပြည့်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

စာအောင် သံဃာတော်များ စာရင်းကို အောင်စာရင်းမိတ္တူ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများ စာရင်းကို အမှတ်စာရင်းမိတ္တူနှင့် အသက် (၇၅)နှစ်နှင့် အထက်ရှိ သက်ကြီးများ၏စာရင်းကို မှတ်ပုံတင်မိတ္တူတို့ဖြင့် ပူးတွဲ၍ မတ်၇ရက် နောက်ဆုံးထား၍ စာရင်းပေးကြရန်နှင့် ဒေါက်တာဦးထွန်းဝေ ဝေဘုလ္လဆေးခန်း သင်္ဃန်းကျွန်း ဖုန်း-၀၁-၅၇၀၁၆၅၊ ဦးစံလှ မောင် (၃၃)ဗျိုင်းရေအိုးစင်လမ်းတာမွေ ဖုန်း-၀၁-၅၄၁၅၃၅တို့သို့ ဆက်သွယ်စုံစမ်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု (၁၁၁)ကြိမ်မြောက် စခန်းပွဲတွင်လည်း ပုပ္ပား(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာ တော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော်ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် မတ် ၈ ရက်(တနင်္လာနေ့) ညနေ အရောက် လာရောက်ကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

မင်းကွန်းတိပိဋကဓိဝိတဒါနတိုင်းရင်းဆေးရုံဖွင့်မည်

ရန်ကုန် မတ် ၃

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကို အာရုံပြုရည်မှန်း၍ သားတပည့် တိပိဋကဓရဆရာတော်များ ဦးဆောင်သော မင်းကွန်းတိပိဋကဓရ ဓမ္မနာဒ ရေ၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ကြီးမှ ဦးဆောင်လျက် အများပြည်သူ အလှူရှင်အပေါင်းတို့ စုပေါင်းလှူဒါန်းသည့် ကျပ်သိန်း ၃၅၀ ကျော်ဖြင့် တည်ဆောက်လှူဒါန်းအပ်သော မင်းကွန်းတိပိဋကဓိဝိတဒါန တိုင်းရင်းဆေးရုံတော်သည် ပြီးစီးအောင်မြင်ပြီဖြစ်သည်။ ဆေးရုံကို နိုင်ငံတော်သို့ အပ်နှင်း၍ ဖွင့်ပွဲအခမ်းအနားကို အကျိုးတော်ဆောင် ဖြစ်တော်မူသော နဝမမြောက် ရွှေစင်တိပိဋကဓရဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော် (၃၆) နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခါ သမယဖြစ်သော ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်(မတ် ၆ ရက်) စနေနေ့ မွန်းလွဲ၁၂နာရီခွဲတွင် စစ်ကိုင်းတိုင်း မင်းကွန်းကျေးရွာတိုက်နယ် ဆေးရုံဝင်းအတွင်းရှိ တိပိဋကဓိဝိတဒါန တိုင်းရင်းဆေးရုံတော်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြည်ညို ပူဇော်နိုင်ကြောင်းသိရသည်။ (က-ပ)

ဟသ်ာတအသင်း နှစ်ပတ်လည်အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန်ဆုပေးပွဲနှင့်ထူးချွန်ဆုရ ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ဗိုလ်တထောင် မြို့နယ်၄၅လမ်းရှိ ဟသ်ာတ အသင်းတိုက်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိန်တင့်က လူမှုထူးချွန် ဒုတိယဆင့်ရရှိသူ မခိုင်ခိုင်မော် (ဂူရှူးအားကစား ရွှေတံဆိပ်ဆုများရှင်)အားဂုဏ်ထူးဆောင်ဆုချီးမြှင့်စဉ်။ (က-ပ)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်စောဝေမင်း[၁၂/ကတတ(နိုင်)၀၀၀၆၈၆] ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောကိစ္စများ မိမိသဘောအလျောက်ပြုမူ လုပ်ဆောင်နေပါသဖြင့် ၂၀-၁-၂၀၀၄ရက်မှစ၍ သားအဖြစ်မှ အမွေ ပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများ(လုံး၀) တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)
မိခင်-ဒေါ်ခင်ချိုတင်
[၁၂/ကတတ(နိုင်)၀၁၆၀၅၆]

ဟာသဂျာနယ်အတွဲ (၂)၊ အမှတ်(၃၁) ဖြန့်ချိ

ရန်ကုန် မတ် ၃

ဆြာကြီးထိန်၏ မျက်နှာဖုံးကာတွန်းနှင့် ရွှေညောင်ခိုင်စိုး၊ ကာတွန်း လွန်းမောင်(သုဝဏ္ဏ) တို့၏ ပီယဆေးကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ ဆရာပြည့်စုံ(သွေးသောက်)၊ မြေဇာ၊ ကာတွန်း မြင့်သိန်း၊ ကာတွန်း မြင့်စိုးလေး၊ သုဝဏ္ဏကျော်စိန်၊ မောင်ဉာဏ်ကျယ်၊ တနိုင်ခ၊ရေနံချောင်းဦးခင်မောင်မြ၊ ကျော်ဖြိုးလွင်၊ ရွှေရိုး (မန္တလေး)၊ မောင်လှိုင်မွှေး၊ ကျော်ဇော်ဟိန်း (ဒေါပုံ)၊ ကိုအောင်ငွေသိန်းတို့၏ ဟာသအတွေးအရေး ရုပ်ရှင်ရသများဖြင့်ဟာသဂျာနယ်၊ အတွဲ(၂)၊ အမှတ်(၃၁)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

၂၀၀၃-၀၄ ပညာသင်နှစ် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်က အထက(၁)ကွမ်းခြံကုန်းမြို့၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးရွှေသိန်းက လက်မှတ်ပေးအပ်စဉ်။ (က-ပ)

ဇန်နဝါရီလ မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃မှုဖမ်းဆီးနိုင်ခဲ့

ရန်ကုန် မတ် ၃

၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်းမှု ၃၀ (အလေးချိန် ၅၆ ဒသမ ၂၉၉၉ ကီလို)၊ ဘိန်းဖြူ ၇၃မှု (အလေးချိန် ၂၅ ဒသမ ၁၃၁ ကီလို)၊ ဘိန်းညို တစ်မှု (အလေးချိန်ဒသမ ၉၇၉ ကီလို)၊ ဘိန်းဆီခြောက်မှု (အလေးချိန် ၂ ဒသမ ၇၆၂၇ကီလို)၊ အဆင့်နိမ့်ဘိန်းလေးမှု (အလေးချိန် ၁ ဒသမ ၂၇၀၃ ကီလို)၊ ဆေးခြောက်၁၇မှု (အလေးချိန် ဒသမ ၈၄၆၃ ကီလို)၊ ဖင်ဆီဒိုင်းတစ်မှု (ပမာဏ ၃ ဒသမ ၇၅ လစ်တာ)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆မှု(၃၄၃၆၉၆ ပြား)၊ အက်ဖီဒရင်း (အလေးချိန် ဒသမ ၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးမှုန့် (အလေးချိန် ၅၉ ကီလို)၊ ဘိန်းစာမှုန့် ခြောက်မှု (အလေးချိန် ၅ဒသမ ၂၈၁ကီလို)၊ ဓာတုဆေးမှုန့် (အလေးချိန် ၁ ဒသမ ၅ ကီလို)၊ မှတ်ပုံတင်ပျက်ရှစ်မှု၊ အခြားအမှု ၁၁ မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်းမူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၂၇၁ ဦး၊ တရားခံအမျိုးသမီး ၄၃ ဦး စုစုပေါင်း တရားခံ ၃၁၄ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများ အတွက် စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
မြန်မာစာဘာသာ သိကောင်းစရာ

ဒီနေ့ပို့ချမယ့်အကြောင်းအရာကတော့ “တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်အကြောင်း သိကောင်းစရာ” ပဲ ဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားတွေဟာ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဖို့ ပြင်ဆင်ကျက်မှတ်ရာမှာ အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး ပို့ချပါမယ်။

၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်တန်းကစပြီး အသစ်ပြုပြင်မွမ်းမံထားတဲ့ မေးခွန်းပုံစံနဲ့အညီ မေးမြန်းခဲ့ပါတယ်။ ဒီနှစ်မှာလဲ ဒီမေးခွန်းပုံစံအတိုင်းပဲ မေးမြန်းမှာဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ မေးခွန်းပုံစံကို ကျေကျေညက်ညက် လေ့လာမှတ်သားပြီးကြပြီလို့ ထင်ပါတယ်။ ဒီတော့ ဒီပို့ချချက်မှာ မေးခွန်းပုံစံအတိုင်း မေးခွန်းတစ်ပုဒ်စီကိုအခြေခံပြီး သိကောင်းစရာတွေကို ပို့ချသွားပါ့မယ်။

မေးခွန်း (၁) က သဒ္ဒါမေးခွန်းဖြစ်ပါတယ်။ ပြဋ္ဌာန်းစာဖြစ်တဲ့ မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆)ကို အခြေခံပြီး မေးတဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းမှာ အပိုင်း(၃)ပိုင်း ပါပါတယ်။ အပိုင်း(က)က ကျက်မှတ်မှုဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါစာအုပ်ထဲက မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ အခန်းမှာပါတဲ့ ကျောက်စာ၊ မင်စာ စတဲ့ စာအမျိုးမျိုး၊ အက္ခရာပုံသဏ္ဌာန်နဲ့ ပြောင်းလဲပုံ၊ ဌာန်၊ ကရိဏ်း၊ ပယတ်၊ မြန်မာပါဠိဆင့်၊ ဝါစင်္ဂနဲ့ ဝါကျအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို လေ့လာကျက်မှတ်ထားရပါ့မယ်။ သာဓကတွေကိုလဲ လိုအပ်သလို ထည့်သွင်းနိုင်ဖို့ ကျက်မှတ်ထားရပါ့မယ်။ မေးခွန်းမှာ ‘ကျောက်စာ’တို့ ‘သပြောင်းလဲပုံ’တို့ ဆိုတာမျိုးမေးရင် ကျက်ထားတဲ့အချက်တွေကို စီကာစဉ်ကာ ရေးပြရုံနဲ့ လုံလောက်ပါတယ်။ ‘ဌာန်’တို့ ‘နာမ်စား’တို့ဆိုတာမျိုးမေးရင်တော့ ဌာန်ဆိုတာဘာလဲ၊ နာမ်စားဆိုတာ ဘာလဲလို့ ဖွင့်ဆိုတဲ့အပြင် ဌာန်ဘယ်နှမျိုးရှိကြောင်း၊ နာမ်စားဘယ်နှမျိုးရှိကြောင်း ဖော်ပြပြီး သာဓကတွေလဲ ထုတ်ပြမှ ပေါ်လွင်မှာဖြစ်ပါတယ်။ မေးခွန်းနဲ့အညီ လိုအပ်တဲ့အချက်အလက်ကို ထုတ်ပြီးဖြေနိုင်ဖို့ လိုပါတယ်။

အပိုင်း(ခ) က နားလည်မှုဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါဆိုင်ရာ သတ်မှတ်ချက်တွေကို သဘောပေါက်နားလည်မှုရှိမရှိ စမ်းသပ်တဲ့မေးခွန်း ဖြစ်ပါတယ်။ သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို လေ့ကျင့်ထားရင် နားလည်သဘောပေါက်မှာ ဖြစ်ပါတယ်။ နားလည်ပြီဆိုရင် မေးခွန်းမှာ ‘ကြက်ဆင်’ဆိုတဲ့ ပေါင်းစပ်နာမ်မှာ ဘယ်နာမ်က ဘယ်နာမ်ကို အထူးပြုသလဲလို့မေးရင် ကြက်ဆင်ဆိုတာ ဆင်နဲ့တူတဲ့ ကြက်ကိုဆိုလိုကြောင်း သဘောပေါက်ထားပြီး ရှေ့နာမ် ‘ကြက်’ကို နောက်နာမ် ‘ဆင်’က အထူးပြုကြောင်း မှန်မှန်ကန်ကန် ဖြေနိုင်ပါလိမ့်မယ်။ ဒီမေးခွန်းအတွက် ‘မောင်ထွန်း’ဆိုတာ အနက်အဓိပ္ပာယ်အရ တစ်ဦးဆိုင်နာမ်ဖြစ်ကြောင်း ‘လှခြင်း’ ဆိုတာ ဖွဲ့စည်းတည်ဆောက်ပုံအရ ဂုဏ်ရည်ပြနာမ်ဖြစ်ကြောင်း၊ ‘သည်’ ဆိုတာ ပစ္စုပ္ပန်ကာလပြ ဝိဘတ်ဖြစ်ကြောင်း၊ ‘နှင့်’ဆိုတာ ပုဒ်ဆက်သမ္ဗန္ဓဖြစ်ကြောင်း စသည်ဖြင့် နားလည်အောင် လေ့လာထားရမှာဖြစ်ပါတယ်။

အပိုင်း (ဂ) က ကျွမ်းကျင်မှုဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါဆိုင်ရာ သဘောတရားတွေ၊ နည်းနာတွေကို ကျွမ်းကျွမ်းကျင်ကျင် လက်တွေ့သုံးနိုင်ခြင်းရှိမရှိ စမ်းသပ်တဲ့မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ ကွက်လပ်ဖြည့်တာတို့၊ ဝါကျထဲမှာသုံးပြတာတို့ ပါဝင်ပါတယ်။ ပုံစံပြရရင် ‘အလှဆုံး’ ဆိုတဲ့ နာမဝိသေသနကို ဝါကျထဲမှာ သုံးပြပါလို့ မေးတယ်ဆိုပါစို့။ ‘ဤပရိသတ်ထဲတွင် **အလှဆုံး** မိန်းကလေးမှာ မြမြဖြစ်သည်’ ဆိုတာမျိုး သုံးပြဖို့ပါပဲ။ လေ့ကျင့်ခန်းအပိုင်းမှာ အဲဒီလို လေ့ကျင့်ခန်းတွေ ပါပါတယ်။ ကိုယ်ကိုတိုင် လက်တွေ့ကျွမ်းကျင်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

မေးခွန်း (၂) က ဝေါဟာရနဲ့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ အပိုင်း (က)က စကားပြေ၊ ကဗျာ၊ ပြဇာတ်တွေထဲက ရှေးခေတ်သုံး စာသုံး၊ ပေသုံး ဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတဲ့ မေးခွန်းပါ။ ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်အတိုင်း တိတိကျကျ ကျက်ထားရင် ဖြေနိုင်မှာပါ။ အဓိပ္ပာယ်ပေးပုံ တိကျဖို့၊ နာမ်ဆိုနာမ်လို၊ ကြိယာဆိုကြိယာလို စသည်ဖြင့် သဒ္ဒါအနေအထားမှန်အောင် ဖွင့်ဖို့ ဂရုပြုရပါမယ်။ ‘ဘုန်းဟော့’ ဆိုပါစို့။ ‘ဘုန်းရှိသော’ လို့ နာမဝိသေသနလို ဖွင့်ဖို့ဖြစ်ပါတယ်။ ‘ဘုန်းရှိသည်’၊ ‘ဘုန်းရှိခြင်း’ လို့ဖွင့်ရင် သဒ္ဒါသဘော မမှန်ပါဘူး။ ပြီးတော့ ဖွင့်တဲ့အဓိပ္ပာယ်က ပြဋ္ဌာန်းစာအုပ်ထဲက အဓိပ္ပာယ်အတိုင်း ဖြစ်ဖို့လိုပါတယ်။ ‘ရွှရာ’ကို ပြဋ္ဌာန်းစာထဲမှာ လန့်ထိတ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးထားတာမို့ အဲဒီလို ဖွင့်မှ မှန်ပါလိမ့်မယ်။ ခုနားလည်နေသလို ‘စက်ဆုပ်သည်’လို့ဖွင့်ရင် မမှန်ပါဘူး။

အပိုင်း(ခ) မှာတော့ ခုခေတ်သုံးနေဆဲ ဝေါဟာရတွေကို ဝါကျဖွဲ့ပြရမှာပါ။ ဝေါဟာရရဲ့ အဓိပ္ပာယ်ထင်ရှားပေါ်လွင်အောင် ဝါကျဖွဲ့ရပါလိမ့်မယ်။ ‘လုံ့လ’ကို ဝါကျဖွဲ့ရာမှာ ‘လုံ့လ၏အဓိပ္ပာယ်ကို ကျွန်တော်သိပါသည်’လို့ ဝါကျဖွဲ့ရင် လုံ့လအဓိပ္ပာယ် မပေါ်လွင်ပါဘူး။ ‘ကျွန်တော်သည် စာမေးပွဲအောင်မြင်စေရန် လုံ့လထုတ်ရပါမည်’ ဆိုတာမျိုး ဝါကျဖွဲ့မှ အဓိပ္ပာယ်ပေါ်လွင်ပါလိမ့်မယ်။

အပိုင်း (ဂ) ကတော့ အလင်္ကာမေးခွန်းပါ။ ပြဋ္ဌာန်းစာအုပ်တွေထဲက အလင်္ကာတွေကို မေးခွန်းမှာ အမျိုးအမည်နဲ့တကွ ဖော်ပြထားပါလိမ့်မယ်။ အဲဒီအလင်္ကာကို ပြဋ္ဌာန်းစာမှာ ဘယ်လိုဆက်စပ်သုံးတယ်ဆိုတာရယ်၊ ဘာကြောင့် အဲဒီအလင်္ကာမြောက်တယ်ဆိုတာရယ် ဖြေရမှာဖြစ်ပါတယ်။ အလင်္ကာတစ်ခုကို ပြဋ္ဌာန်းစာနဲ့ ဆက်စပ်လေ့လာမှ အဲဒီအလင်္ကာရဲ့ အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ နားလည်နိုင်မှာမို့ ဆက်စပ်လေ့လာထားဖို့ လိုပါတယ်။ ‘ကဗျာကောင်းကင်’ ဆိုတဲ့ ရူပကအလင်္ကာကို ရှင်းပြရမယ်ဆိုရင် အဲဒီကဗျာဟာ ‘အနုပညာသည်၏ အားမာန်’ ကဗျာထဲက ဖြစ်ကြောင်း၊ ကဗျာနယ်ပယ် ကျယ်ဝန်းပုံနဲ့ ဆက်စပ်ပြီး ရေးဖွဲ့ထားတာဖြစ်ကြောင်း ဆက်စပ်ရှင်းပြရပါလိမ့်မယ်။ ပြီးတော့မှ ကဗျာ (အနှိုင်းခံ)နဲ့ ကောင်းကင် (အနှိုင်း)ကို ကျယ်ဝန်းပုံ ဂုဏ်ရည်ချင်းတူတဲ့အတွက် ထပ်တူပြုရေးဖွဲ့ထားလို့ ရူပကအလင်္ကာမြောက်ကြောင်း ရှင်းပြရပါမယ်။ ဥပမာအလင်္ကာဆိုရင်လဲ အနှိုင်းခံနဲ့ အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းထားကြောင်း၊ ဝဏ်ဏုတ္တိအလင်္ကာဆိုရင်လဲ ဘယ်လိုသွယ်ဝိုက်ဖွဲ့ထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာဆိုရင်လဲ ဘယ်လိုအလွန်အကြူးဖွဲ့ထားကြောင်း၊ မြည်သံစွဲအလင်္ကာဆိုရင်လဲ ဘယ်လိုမြည်သံကို ထည့်သွင်းဖွဲ့ထားကြောင်း ရှင်းပြရမှာဖြစ်ပါတယ်။

မေးခွန်း (၃)က ကဗျာမေးခွန်းဖြစ်ပါတယ်။ ကဗျာလက်ရွေးစင်စာအုပ်နဲ့ဆိုင်ပါတယ်။ အပိုင်း(က)မှာ ဓမ္မဋ္ဌိဋ္ဌာန်မေးခွန်းတွေ ဖြေရပါလိမ့်မယ်။ ဒီမေးခွန်းအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာအကြောင်းတွေ၊ ပြီးတော့ ကဗျာတစ်ပုဒ်ချင်းရဲ့ ရေးတဲ့ခေတ်၊ ကဗျာစာဆို၊ ကဗျာအမျိုးအစား၊ ကဗျာရှည်ထဲက ထုတ်နုတ်တာဆိုရင် ထုတ်နုတ်တဲ့ ကဗျာနဲ့ ကဗျာထဲက အချက်အလက်တွေကို တိတိကျကျ လေ့လာထားရမှာ ဖြစ်ပါတယ်။ သာဓကပြရရင် တပေါင်းညှာကျင် အဲချင်းရဲ့ မိတ်ဆက်အမှာစာမှာ ‘လပအဲ’ ဆိုတာပါတယ်။ လပအဲဆိုတာ လရောင်ထွန်းပတဲ့အခါ လသာတဲ့ပအခါမှာ သီဆိုရတဲ့ အဲချင်းဖြစ်ကြောင်း ရှင်းပြထားတယ်။ အဲဒါမျိုးကအစ မှတ်သားရမှာပါ။ ကဗျာရေးတဲ့ခေတ်တို့၊ ကဗျာအမျိုးအစားတို့၊ ကဗျာစာဆိုအမည်တို့ကိုလဲ မလွဲမမှားအောင် မှတ်သင့်ပါတယ်။ ‘ဝိဇ္ဇာ သိပ္ပ လူ့ကိစ္စ’ ကဗျာကို ကိုးခန်းပျို့ထဲက ထုတ်နုတ်တယ်ဆိုတာမျိုးလဲ မှတ်ရပါလိမ့်မယ်။

အပိုင်း (ခ) ကတော့ ကဗျာတစ်ပုဒ်ချင်း ရှင်းလင်းဆွေးနွေးရမယ့် မေးခွန်းဖြစ်ပါတယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့၊ ရသ၊ အသိအမြင် ဆိုတာတွေကို ထောင့်စေ့အောင် လေ့လာထားရပါလိမ့်မယ်။ အရေးကြီးတဲ့ အချက်ကတော့ စာမေးပွဲမှာ မေးခွန်းဘာမေးတာလဲ၊ ဘာလိုချင်တာလဲဆိုတာ ကွဲပြားအောင်လေ့လာပြီး မေးတာကို ဖြေနိုင်အောင်၊ မမေးတာကို မဖြေမိအောင် သတိပြုဖို့ပါပဲ။ ကဗျာထဲက အချက်အလက်ကို ကိုယ့်စကားနဲ့ ပြန်ရေးပြခိုင်းတာလား၊ ဒါမှမဟုတ် ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားကြောင်း ကဗျာစာဆိုရဲ့နေရာကနေပြီး ရေးခိုင်းတာလား၊ မေးခွန်းအရ ကိုယ့်ထင်မြင်ချက်တို့၊ ကိုယ့်ခံစားရတဲ့ ရသတို့ထည့်ဖို့ လိုအပ်သလား ဆိုတာတွေ ကွဲပြားအောင် လေ့လာဖို့လိုပါတယ်။ ကဗျာစာသား အကိုးအကားထည့်သွင်းဖြေဆိုနိုင်ဖို့လဲ ကျက်မှတ်ပြင်ဆင်ထားရပါလိမ့်မယ်။

မေးခွန်း (၄) က စကားပြေမေးခွန်းဖြစ်ပါတယ်။ ကဗျာမေးခွန်းပုံစံအတိုင်းပါပဲ။ **အပိုင်း (က)** မှာ ဓမ္မဋ္ဌိဋ္ဌာန်မေးခွန်းဖြေဖို့ ဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာဆိုအကြောင်း၊ စကားပြေအကြောင်းတွေ၊ စကားပြေတစ်ပုဒ်ချင်း ရေးတဲ့ခေတ်၊ ရေးသူ၊ ထုတ်နုတ်တဲ့ စကားပြေကျမ်းနဲ့ စကားပြေထဲက အချက်အလက်တွေ လေ့လာထားရပါလိမ့်မယ်။ ဆိုပါစို့။ ‘မြန်မာစာအရေးအသားတိုးတက်စေနည်း’ စကားပြေမိတ်ဆက်မှာပါတဲ့ ဦးဖေမောင်တင်ဟာ အသက် ၂၄ နှစ်မှာ ပါဠိပါမောက္ခတာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်မျိုးကအစ မှတ်သားရပါလိမ့်မယ်။ စကားပြေရေးတဲ့ခေတ်နဲ့ ရေးသူကိုလဲ မလွဲမှားစေချင်ပါဘူး။ ‘အားလပ်သော အချိန်ကလေးများ’ စကားပြေကို ‘ကမ္ဘာ့မင်တံ’ စာအုပ်က ထုတ်နုတ်တယ်ဆိုတာမျိုးလဲ မှတ်သားရမှာပါ။

အပိုင်း (ခ) ကလဲ ကဗျာမှာလိုပဲ ရှင်းလင်းဆွေးနွေးရမယ့် မေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသား၊ သုတရသ၊ သင်ခန်းစာဆိုတဲ့အချက်တွေ လေ့လာထားပြီး မေးခွန်းက မေးတဲ့အချက်တွေကို တိတိကျကျ ဖြေနိုင်အောင် ပြင်ဆင်ထားရမှာပါ။ သိင်္ဃသူ့သမီးရဲ့ အလှူမှတ်တမ်းကို ဖော်ပြရတာမျိုးလို စကားပြေအချက်အလက်ကိုပဲ ဖော်ပြရတာမျိုးရှိသလို ‘မိခင်သောက’ စကားပြေကို ကရုဏာရသမြောက်တဲ့ စကားပြေဖြစ်ကြောင်း အကြောင်းပြဆွေးနွေး ဖြေဆိုရတာမျိုးလဲ ရှိပါလိမ့်မယ်။

မေးခွန်း (၅) က ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ အပိုင်း (က)က စကားစပ်နဲ့ ဖြေရမှာဖြစ်ပြီး အပိုင်း(ခ)က ပြဇာတ်အကြောင်းအရာကို ဖြေရမှာ ဖြစ်ပါတယ်။ စကားစပ်မှာပေးထားတဲ့ စာပိုဒ်ကို မြင်လိုက်တာနဲ့ ဘယ်အခန်းက ထုတ်နုတ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့ ဆက်စပ်ပြီး ပြောတယ်ဆိုတဲ့အချက်တွေ တန်းစီပြီးရေးနိုင်အောင် ကျေကျေညက်ညက် လေ့လာထားဖို့ လိုပါတယ်။ ပြဇာတ်အကြောင်းအရာကတော့ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင်သုံးယောက်ရဲ့အကြောင်းကို ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးတတ်ရင် လုံလောက်ပါပြီ။ မေးခွန်းရဲ့ လိုအပ်ချက်နဲ့အညီ လိုသလောက်ဖြေဖို့ပါပဲ။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ **မေးခွန်း (၆)** ကတော့ စာစီစာကုံးပါပဲ။ ၂၀၀၂ ခုနှစ် စာမေးပွဲကစပြီး စာစီစာကုံးကို ပုံကြမ်းအချက်အလက်ပေးပြီး ရေးခိုင်းတဲ့အတွက် ဒီနှစ်ကျောင်းသူ ကျောင်းသားများ စာစီစာကုံးလေ့ကျင့်ရာမှာ ပုံကြမ်းနဲ့လေ့ကျင့်ထားကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ပုံကြမ်းအတိုင်း လိုက်ရေးရင် အနည်းဆုံးအောင်မှတ်ရတဲ့ ရွက်ကြမ်းရေကျို စာစီစာကုံးတစ်ပုဒ်ဖြစ်ဖို့ စိတ်ချနိုင်ပါတယ်။ အရေးကောင်းရင်တော့ ကောင်းသလောက် အမှတ်ကောင်းကောင်းရနိုင်ပါတယ်။ ပုံကြမ်းအတိုင်း လိုက်မရေးရင်တော့ အောင်မှတ်ရဖို့ အာမမခံနိုင်ပါဘူး။ အရင်တုန်းကလို အလွတ်ကျက်လာတဲ့ စာစီစာကုံးတွေကို စာမေးပွဲခန်းထဲကျမှ ပြန်အန်ချပြတာမျိုးမဖြစ်အောင် ပုံကြမ်းနဲ့ရေးခိုင်းတာ ဖြစ်ပါတယ်။ စာစီစာကုံးအလွတ်ကျက်တဲ့ အကျင့်ပျောက်အောင်လဲ အထောက်အကူပြုပါလိမ့်မယ်။

စာစီစာကုံးရေးရာမှာ တက္ကသိုလ်ဝင်တန်းဖြေတဲ့ ကျောင်းသားတစ်ယောက်မှာ သူ့အသက်အရွယ်၊ သူ့ပတ်ဝန်းကျင်၊ သူ့လေ့လာမှုအရ ရှိနေမယ်လို့ မျှော်လင့်နိုင်တဲ့ ဗဟုသုတ၊ အတွေးအခေါ်တွေကို ထည့်ရေးနိုင်ဖို့လဲ မျှော်လင့်ပါတယ်။ စာစီစာကုံးထဲ ထည့်ရေးဖို့ဆိုပြီး အချက်အလက်တွေ အပန်းတကြီးကြိုတင် ကျက်မှတ်ထားစရာ မလိုပါဘူး။ ကိုယ့်မှာရှိတဲ့ ဗဟုသုတ၊ အတွေ့အကြုံ၊ အတွေးအခေါ်တွေကို ပေးထားတဲ့ ခေါင်းစဉ်နဲ့အညီ မှန်မှန်ကန်ကန်၊ ရှင်းရှင်းလင်းလင်း၊ ပြေပြေပြစ်ပြစ်ရေးနိုင်ရင် စာစီစာကုံးကောင်းတစ်ပုဒ် ဖြစ်လာမှာပါပဲ။ အချက်အလက်တွေအများကြီး ပွတ်သိပ်ထည့်ပြီး အရေးအသားမကောင်းတဲ့ စာစီစာကုံးမျိုးထက် အချက်အလက်လိုအပ်သလောက်သာ ထည့်သွင်းပြီး အစ၊ အလယ်၊ အဆုံး အစီအစဉ်တကျ ရေးသားတင်ပြတဲ့ စာစီစာကုံးမျိုးက ပိုပြီးအမှတ်ရမှာပါ။ အဲဒီလို ရေးနိုင်အောင် ကြိုးစားအားထုတ်ထားသင့်ပါတယ်။

ကဲ– ဒီလောက်ဆိုရင်တော့ မြန်မာစာဘာသာရပ်နဲ့ ပတ်သက်ပြီး သိကောင်းစရာတွေ ခြုံငုံမိလောက်ပါပြီ။ ခုဆွေးနွေးခဲ့တဲ့ အချက်တွေကို အကျိုးရှိရှိ အသုံးပြုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ပုဂံညောင်ဦး ကုသိနာရုံဘုရားဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် မတ် ၃

ပုဂံညောင်ဦးမြို့ အနောက်ဖွားစောရွာအနီး ဘုရားအမှတ် (၁၂၆၇)၊ ကုသိနာရုံ ဘုရားကြီး၏ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ပုဂံမြို့ဂူကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဇာဂရနှင့် သဃ်န်းကျွန်းမြို့ ရွှေသုဝဏ်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသဒ္ဓိယတို့အား အမှူးထား၍ ဘုရားကြီး အလှူရှင်အမှတ် (၉၀/အေ-၁)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာဦးအောင်ဝင်း-ဒေါ်ဥဥအောင် မိသားစုက ကြီးမှူး၍ ဒေသခံပြည်သူများ၏ ပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းက ဘုရားကြီးရင်ပြင်တွင် ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ရှေးဦးစွာ သဗ္ဗညုဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက ငါးပါးသီလချီးမြှင့်ပြီး ဆရာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ရွတ်ဖတ်ချီးမြှင့်ကြသည်။ ထို့နောက် ဂူကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရက ရေစက်ချအနုမောဒနာ တရားချီးမြှင့်ဆောင်ရွက်ပြီး ဘုရားကြီး၏ ထာဝရငွေပဒေသာပင်အတွက် ပုဂံမြို့ ကုသိနာရုံ ဘုရားကြီး ထာဝရငွေပဒေသာပင် အလှူငွေကျပ်ငါးသောင်းကို ရန်ကုန်တိုင်း ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင် နှင့်ဇနီး ဒေါ်ဆွေဆွေဦး၊ သား မောင်ဝေဖြိုး၊ သမီးမလွင်ယမင်းမိသားစုက လှူဒါန်းရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတေဇက လက်ခံပြီး **(အပေါ်ပုံ)** ပင့်သံဃာတော် ၅၆ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

စည်ကားစွာကျင်းပ

ကုသိနာရုံဘုရားကြီး၏ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတွင် ဖေဖော်ဝါရီ ၂၃ရက်မှ ၂၆ရက်အထိ အသံမစဲပဋ္ဌာန်း ဒေသနာတော်ရွတ်ဖတ်ပူဇော် ကြပြီး ဖေဖော်ဝါရီ ၂၆ရက်၊ ၂၇ရက် ညတွင် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဂုဏဝိသိဋ္ဌပူဇာ သဘင်ကျင်းပမည်

ရန်ကုန် မတ် ၃

နိုင်ငံတော်က ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်း ဆက်ကပ်လှူဒါန်းခြင်း ခံရသော ပအိုဝ်းမထေရ်မြတ် ခြောက်ပါးအားဂုဏဝိသိဋ္ဌပူဇာပွဲကို ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၅ရက်(မတ်၅ရက်) နံနက် ၇နာရီတွင် ဗဟန်း ၁လမ်း ပအိုဝ်းဓမ္မာရုံတွင်ဆင်ယင် ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ရှင်အပေါင်းတို့ ကြွရောက်ပူဇော်ကြပါရန် ဂေါပကအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃

သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်ရှိ အာဒိကာရုံတိုက် အဘယာရာမကျောင်းဆရာတော် ဘဒ္ဒန္တသောဘဏမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတမှ ဆဋ္ဌမအကြိမ်မြောက်အသိဉာဏ်ပေး၊ အလုပ်ပေး၊ သတိပဋ္ဌာန်တရား ခုနစ်ရက်စခန်းကို ဧပြီ ၄ရက် ညနေ ၄နာရီတွင် စတင်ဖွင့်လှစ်၍ ဧပြီ ၅ရက်မှ ဧပြီ ၁၁ရက်အထိ စခန်းဝင် အားထုတ်လိုသော ယောဂီများ မတ် ၁၅ရက် နောက်ဆုံးထား၍ ဖုန်း-၅၄၇၀၃၀ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၃၀၂)**

ဗန္ဓုလသယ်ယူပို့ဆောင်ရေး နှစ်ပတ်လည်နေ့ကျင်းပ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများအား ထူးချွန်ဆုချီးမြှင့်

ရန်ကုန် မတ် ၃

ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် ရွှေမန်းသူ၊ ရှမ်းမလေး အဝေးပြေးခရီးသည် ပို့ဆောင်ရေးလုပ်ငန်း (၄)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ရက်နံနက် ၈နာရီခွဲက တောင်ဥက္ကလာပ ပါရမီလမ်းရှိ ရွှေမန်းသူခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ရဲမှူးချုပ် ဦးအောင်နွယ်(ငြိမ်း)၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဗိုလ်ချုပ်မြင့်ဆွေ၊ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မန်နေးဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်၊ ဒါရိုက်တာများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးယဉ်မောင်စိန်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းဝင်းနှင့်တာဝန်ရှိသူများ၊ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုးတက်မှု

အခမ်းအနားတွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ရဲမှူးချုပ်ဦးအောင်နွယ်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန်နေးဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်က ရွှေမန်းသူ၊ ရှမ်းမလေး အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း တိုးတက်မှု အခြေအနေများ ရှင်းလင်း ပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ စံပြယာဉ်မောင်းဆု၊ ယာဉ်ပြင်ဆင်စရိတ်အနည်းဆုံးဆု၊ ဝင်ငွေအများဆုံးဆု၊ခရီးစဉ် ခေါက်ရေအများဆုံးဆု၊ အမြတ်အများဆုံးဆု၊ ယာဉ်ကြံ့ခိုင်ရေး ထိန်းသိမ်းကိုင်တွယ်မှု အကောင်းဆုံးဆု၊ ယာဉ်အန္တရာယ် ကင်းရှင်းဆု၊ လူမှုရေးလုံခြုံစွမ်းဆောင်ရည်ဆု၊ စာရိတ္တအထူးဆု၊ ဂိတ်များ စွမ်းဆောင်ရည်ဆု၊ လုပ်သက်ဆုနှင့်ဝန်ထမ်း လုပ်သက်ဆုများကို တာဝန်ရှိသူအသီးသီးက ချီးမြှင့်ကြသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ရဲမှူးချုပ် ဦးအောင်နွယ် (ငြိမ်း)က နိဂုံးချုပ်အမှာစကားပြောကြားသည်။

(အပေါ်ပုံ) (က-ပ)

ဖေဖော်ဝါရီ ၂၈ ရက်က ဖျာပုံမြို့ အမှတ်(၇) တောင်ပိုင်း အမကကျောင်းတွင် ၂၀၀၂-၂၀၀၃ ခုနှစ် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် အမျိုးသားယဉ်ကျေးမှု မြို့နယ်အဆင့် ပထမဆုရရှိသော မတင့်တင့်ဦးလွင်အား ကျောင်းအုပ်ဆရာကြီး ဦးကျင်မြင့်က ဆုချီးမြှင့်စဉ်။

(က-ပ)

အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံရှင်းလင်း

ရန်ကုန် မတ် ၃

စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးဒေါ်ဝေဝေခိုင်သည် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းရုံးခန်းမတွင် အထူးကုဆရာဝန်ကြီးများက မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုအဘိုးအဘွားများအား ဆေးဝါးကုသဆောင်ရွက်ပေးမှုများနှင့်မြို့နယ်အသင်းသားဖွားခန်းတို့ကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် တိုင်းအသင်းကြီးကြပ်မှုကော် မတီ နာယက ဒေါ်ဝေဝေခိုင်သည် စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး မြဇရာခန်းမတွင် ကျင်းပသော အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်က ခရိုင်အတွင်း အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက အဖွဲ့လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြပြီး နာယကက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လမ်းဖောက်လုပ်

လယ်ဝေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ငွေတောင်ကျေးရွာနှင့် ညောင်မုတ်ဆိတ်ကျေးရွာ ချင်းဆက် ကျေးလက်ဖွံ့ဖြိုးရေး မြေသားလမ်းဖောက်လုပ် လုပ်အားပေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ အလုပ်အမှုဆောင် ဦးအောင်မင်း၊ ဦးအေးကြူ၊ ဦးအုန်းလွင်နှင့် အသင်းဝင်များက အရှည် ၈၄၄၂ ပေ၊ အကျယ် ပေ၃၀၊ အမြင့် ပေ၄၀ ရှိလမ်းအား စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(၃၃၃)**

သင်ယူပြီးမြောက်ခြင်း

လှိုင်သာယာမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အထက်တန်းအဆင့် ပညာသင် ယူပြီးမြောက်ခြင်း လက်မှတ်ပေးပွဲ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြသိန်းက ကျောင်းသူတစ်ဦးအား ပေးအပ်စဉ်။ (က-ပ)

ချင်းရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုပြိုင်ပွဲ

ရန်ကုန် မတ် ၃

ချင်းပြည်နယ်အမျိုးသမီးရိုးရာအဖွဲ့က ကြီးမှူးကျင်းပသော ချင်းရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယကဒေါက်တာဒေါ်ခင်စောမူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပြည်နယ်အတွင်းရှိမြို့နယ် ခြောက်မြို့နယ်မှ ပြိုင်ပွဲဝင် ၁၇ဦးတို့က ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှု များကို စိတ်ကြိုက်ကိုယ်ဟန်များဖြင့် ယှဉ်ပြိုင်ကြရာပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကဒေါက်တာဒေါ်ခင်စောမူနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ် ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

တွံတေးမြို့နယ် အမက(ကွမ်းခြံ) အလယ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်အောင်ချစ်ဆုဝင်းအား မြို့နယ် လက်ထောက် ပညာရေးမှူး ဦးခင်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့အသံ

၅-၃-၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀	ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၀၉:၃၅	ဟောပြောချက်(သာစွတပေါင်း)
၁၁:၁၅	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရေး)
၁၁:၃၅	သုတရေးရာဖြေကြားလွှာ
၁၂:၀၀	ကျန်းမာရေးနှင့် ဆေးပညာ (ကြက်ငှက်တုပ်ကွေးကျန်းမာရေး)
၁၂:၃၀	ဇာတ်လမ်းပမာနားဆင်စရာ (အပျိုမ မိသင်းထုံ)
၁၃:၁၀	ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀	ကျေးလက်ဇာတ်လမ်း (သာမောဖွယ်ရာတို့လယ်ယာ)
၁၆:၃၀	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အထူးအစီအစဉ် (ဓာတုဗေဒ)
၁၇:၃၀	ရေဒီယိုမဂ္ဂဇင်း(တကယ့်ရတနာ-ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀	သိပ္ပံပညာသိကောင်းစရာ (နောက်ဆုံးပေါ် ရောဂါကာကွယ်ဆေးများ)
၁၉:၁၅	(၅၂)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ

မြိတ်အသင်း
ဂုဏာပူဇာသဘင် ဖိတ်ကြားလွှာ

နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တတိလောက ကောလိပ်ကုက္ကိုကျောင်း၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တကေသဝ ဘုရားငါးဆူကျောင်းနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တကဥ္စန ကဥ္စနာရာမကျောင်း ကံမော်ရွာ ကျွန်စုမြို့နယ်တို့အား ရန်ကုန်မြို့ မြိတ်အသင်းတွင် ဂုဏာပူဇာမင်္ဂလာပွဲကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သူ မြို့နယ်သားများ ကြွရောက် ကြည်ညိုလှူဒါန်းကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၆-၃-၂၀၀၄ ရက် (စနေနေ့)
ကျင်းပမည့်အချိန် – မွန်းလွဲ ၁ နာရီ
ကျင်းပမည့်နေရာ – ရန်ကုန်မြို့၊ မြိတ်အသင်း အမှတ် ၆၈ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့

အမှုဆောင်အဖွဲ့
မြိတ်အသင်း ဖုန်း-၂၂၄၃၄၀

မြန်မာဂေါက်သီးရိုက်အသင်း၊ ၉-မိုင်၊ ပြည်လမ်း ရန်ကုန်မြို့ လူငယ်အသင်းသားများ သိသာရန် ကြေညာခြင်း

မြန်မာဂေါက်သီးရိုက်အသင်းတွင် လူငယ်အသင်းသား (Junior Member) အများစုသည် အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း သာမန်အသင်းသား (Ordinary Member) အဖြစ် ပြောင်းလဲခွင့်ရရှိရန် လျှောက်ထားခြင်းမရှိကြပါသဖြင့် အသင်းစည်းမျဉ်းအရ အသင်းနှင့် ဆက်သွယ်လျှောက်ထားရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ သာမန်အသင်းသားများအဖြစ် ဆက်လက်ပြောင်းလဲခွင့် ရလိုသူများအနေဖြင့် ၁၁-၄-၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး အသင်းသို့ ဆက်သွယ်လျှောက်ထားကြပါရန်နှင့် အဆိုပါကိစ္စအား ၃၀-၄-၂၀၀၄ရက်နေ့တွင် ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာဂေါက်သီးရိုက်အသင်း

LAZY CLUB

၆-၃-၂၀၀၄ (စနေနေ့)

ရှုဘီ

ကွန်ပျူတာပန်းထိုးလုပ်ငန်း၊ ဂျာကင်၊ ဘောင်းဘီတို/ ရှည်၊ အမျိုးသမီးအင်္ကျီ၊ ကလေးအင်္ကျီ၊ သားရေအိတ်၊ တီရှပ်၊ ဦးထုပ်၊ ဖိနပ်၊ ရှပ်အင်္ကျီများ ထုတ်လုပ်သော ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်ပပို့ကုန်ချုပ်ထည်များ ထုတ်လုပ်သော လုပ်ငန်းရှင်များအတွက် ပန်းထိုးဒီဇိုင်းမျိုးစုံကို အချိန်မြန်မြန်နှင့် အရည်အသွေးပြည့်မီစွာ လုပ်ဆောင်ပေးသည့်အပြင် ပန်းထိုးအော်ဒါကြီးများကိုလည်း အချိန်တိုအတွင်း ပြီးစီးအောင် လက်ခံဆောင်ရွက်ပေးနေပါသည်။

အမှတ်(၁၅) မေတ္တာလမ်း၊ ဆောက်လုပ်ရေးဝင်း၊ ၁၄/၁ ရပ်ကွက် မြင်သာအနီး တ/ဥက္ကလာ မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၇၉၅၅၀

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	ကျောက်ခွဲစက်အရန်ပစ္စည်းများ	၁၁၀ ခု
၂	ဓာတ်ခွဲခန်းသုံးပစ္စည်းများ	၄ မျိုး
၃	ပေါင်းစည်းပြေစာစာရွက်များ	ရွက်ရေသိန်း ၂၀

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၁၀-၃-၂၀၀၄ ရက်နေ့ (၁၆:၀၀) နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု ဖုန်း-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

Sales Supervisor
Salesman/Girls
Sales Promoter

EXPRESS

ZN SATELLITE GROUP

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်အေးမင်း ၁၂/သကတ (နိုင်) ၁၃၃၅၇၉ သည် မိမိသဘောအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝ တာဝန်မယူပါ။ (မေးမြန်းခြင်းသည်းခံပါ။)

မိခင် – ဒေါ်ခါတွန်း
၁၂/သကတ(နိုင်)၁၁၇၅၂၈ ။

အမည်ဖြည့်စွက်ခြင်း

အထက တာချီလိတ် စတုတ္ထတန်း(င)မှ ကျောင်းဝင်အမှတ် ၁၁၀၁၆ နန်းစုခမ်းအား နန်းစုခမ်း(ခ) နန်းဆွတ်ခမ်းဟု ဖြည့်စွက် ခေါ်ပါရန်။ **နန်းစုခမ်း(ခ)နန်းဆွတ်ခမ်း**

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို လုပ်ငန်းခွင်အရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

(က) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ခ) ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ
(ဂ) Electric Cable Wire များ

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၄-၃-၂၀၀၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ဈေးနှုန်း တင်သွင်းလွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုနှင့် ဆက်သွယ်ဝယ်ယူ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များ ရှိပါက ရုံးဖုန်း-၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ ၂၃၅ နှင့် ၂၉၆၇၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရန်ပုံငွေထိန်းသိမ်းရေးနှင့်ပစ္စည်းဝယ်ယူရေးအဖွဲ့

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၉၅၆၂၀၊ ၂၉၅၆၄၂

ကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်တင်ညိမ်း နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကုသပေးခဲ့ကြသော သဃ်န်းကျွန်းစံပြဆေးရုံကြီး ဆေးဝါးကုသဆောင်မှ ပါမောက္ခဆရာမကြီးနှင့် တကွ တာဝန်ရှိ ဆရာ ဆရာမများအားလုံးအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ရေတွင်း၊ရေကန်၊ရေစင်၊တံတိုင်း ဒါယိကာမကြီး
ဒေါ်ဒေါ်ဝင်း
အသက်(၈၇)နှစ်

အင်းစိန်မြို့၊ အမှတ် ၉၃၀၊ သဇင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနေ ဦးသန်းညွန့် (ခွဲမှူး၊ တပ်/ချည်၊ သမိုင်း၊ငြိမ်း)-ဒေါ်ခင်ခင်စိုး(အထက-၄၊ အင်းစိန်)တို့၏ မွေးစားမိခင်၊ ဒေါ်အေးအေးစိုး(ဦးစီးအရာရှိ၊DEPT) ရတနာပုံရွှေဆိုင် စဥ့်ကူနေ ဦးအုန်းသန်း-ဒေါ်လှလှစိုး(SAT၊ငြိမ်း)တို့၏ကြီးကြီး၊ ဦးအောင်စိုးမင်း-ဒေါ်နှင်းနှင်းအေး၊ ဒေါ်အေးအေးမင်း(အထက-၃၊အင်းစိန်)၊ ဒေါ်သန်းသဇင်စိုး(အလက-၁၊ လှိုင်)၊ နီလာစိုးမင်း၊ မေဇာနည်စိုး၊ သားသားတို့၏ဘွားဘွားကြီးသည် ၂၈-၂-၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးဘို
သရေစည်သူ၊ စည်သူ
(အငြိမ်းစားရဲချုပ်)
အသက်(၉၃)နှစ်

အမှတ်၂၂၊ ဖိုးရာဇာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါ်ခင်ခင်ကြီး)၏ ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါက်တာမြစိုးဆင့်၊ ဒေါက်တာဦးခင်ဘို-ဒေါက်တာစင်တီယာချိန်း၊ ဦးထင်ဘို-ဒေါ်နုနုအေး၊ ဦးကျော်ဘို(ခ) ဦးပီတာဘို-ဒေါ်ကျွန်ရီ့စ်၊ ဒေါ်မြသင်းဝေ၊ ဦးမြင့်ဘို-ဒေါ်စုစု၊ ဦးသက်ဘို-ဒေါ်ခင်သိန်း၊ (ဦးအောင်ဘို)-ဒေါ်ခင်အေးကြည်၊ ဦးမြင့်ဆွေ-ဒေါက်တာမြမိုးဝေ တို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုး၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ၁-၃-၂၀၀၄ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၁-၃-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

၇-၃-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၉ နာရီအတွင်း အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုကိုပို
(DGN-၀၀၁၉၉၀)
မိဘနှစ်ပါးစိတ်ပူနေ၍ အမြန်ဆက်သွယ်ပါ။
ဦးအေးပို။

ကားစီးလုံးငှားသည်
Zaw Win & Associates
(Z & A)
Car Renter
Tel: 540545, 09-8020091

အမည်ပြောင်း

အဖဦးတင်ဝင်းရဲ၏ သား တောင်ငူ အလက(၂)အဋ္ဌမတန်း(က)မှမောင်အောင်မြတ်ရဲအား စောချစ်သဲသဲလေးရဲ ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

စောချစ်သဲသဲလေးရဲ (တောင်ငူ)။

(၆)လပြည့် သတိရလွမ်းဆွတ်ခြင်းနှင့် ကောင်းမှုကုသိုလ်ဒါန
ဦးမောင်မောင် (ဖျာပုံ)
(နိုတြီပဗ္ဗလစ်နှင့် တရားရုံးချုပ်ရှေ့နေ)

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ ၃-၃-၂၀၀၄ ရက်တွင် (၆)လပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ် သတိရနေဆဲပါ။ ကျေးဇူးရှင်ဖခင်ကြီးအတွက် ရည်စူး၍ နေ့စဉ်ရက်ဆက်ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ဒါနများနှင့် (၆)လပြည့်မြောက်သည့် ၃-၃-၂၀၀၄ ရက်တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခြင်းပြုလုပ်အပ်ပါသည်။ ကျေးဇူးရှင်ဖခင်ကြီးအတွက် ပြုသမျှ ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ချစ်ဇနီး – ဒေါ်ခင်ပြုံးအေး
ချစ်သားသမီးနှင့်မြေးများ – မမြမန်းမောင်မောင်-ကိုကျော်ထွန်းမင်း
မောင်အောင်မင်းဟိန်း II (YTTC)
မောင်သျှိုင်းသီဟ
ကိုဝင်းသန့်မောင်မောင်-မကျော်နှင်းထွေး
Tristin Thant
မသင်းအေးမောင်မောင် (Managing Director)
Myanmar Pioneer Star Co., Ltd.

အမည်ပြောင်း

အဖဦးသန်းထွန်းအောင်၏သား တောင်ငူအထက (၁) နဝမတန်း (D)မှ မောင်လမင်းအောင်အား မောင်နေလင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နေလင်းအောင် (တောင်ငူ)။

အမည်ပြောင်း

အဖဦးတင်ဝင်းရဲ၏သား တောင်ငူ အထက (၁) နဝမတန်း (က)မှ မောင်ရဲလင်းနိုင်အား စောနိုင်းမဲ့ကိုကိုရဲ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

စောနိုင်းမဲ့ကိုကိုရဲ (တောင်ငူ)။

မွေးသက္ကရာဇ်အမှန်

အထက တာချီလိတ် ပဥ္စမတန်း (င)မှ ကျောင်းဝင်အမှတ် ၁၀၄၀၂ မဝေဦးလွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၀-၁၉၉၃ ဖြစ်ပါကြောင်း။

MCC STANDARD
Business and Training Centre
"Summer Course 2004"
ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းများ
8th March 2004 တွင် စတင်ဖွင့်လှစ်မည်

☎ ၃၄၅၈၈၃

TOP ☎ 243383 705877

MTKK Tourism Co.,Ltd

တွင်ကယ်လ်
TWINKLE
အပိုင်ရမှပေးမယ်

2.03.2004 ထွက်ပြီ

EMPEROR NAWARATT

စိန်နှင့်မြ မွေ့ရာ
(၁၀) နှစ်ပြည့်အထိမ်းအမှတ်

စိန်နှင့်မြ ဦးကျော်မင်း တည်ထောင်ခဲ့သော စိန်နှင့်မြမွေ့ရာသည် ၄-၃-၁၉၉၄ မှ ယနေ့ ၄-၃-၂၀၀၄ နေ့တွင် [၁၀] နှစ်ပြည့် သို့ ရောက်ရှိခဲ့ပါပြီ။ ... (၁၀) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ... *Darling Mattress* များကို ၄-၃-၂၀၀၄ မှ ၁၈-၃-၂၀၀၄ နေ့အထိ **5%** **DISCOUNT** ဖြင့် ရောင်းချမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Myanmar Sein & Mya Mattress Trading Co.,Ltd.
(၁) အမှတ် B-7 ... ရန်ကုန်မြို့။ Ph: 01-721514
(၂) အမှတ် F-5 ... ရန်ကုန်မြို့။ Ph: 01-200747 Ext:5999
(၃) အမှတ် (၁၃၃) ... မန္တလေးမြို့။ Ph: 02-34217
(၄) အမှတ် (၁၀) ... မန္တလေးမြို့။ Ph: 09-2002575



စံအိမ်နီ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်
SUN BRAND အာမခံ RUBBER ROLLER
SAN EIN NI INTERNATIONAL TRADING CO., LTD.

အထူးလျှော့ဈေး



စံအိမ်နီ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဂျပန်နည်းပညာ၊ ဂျပန်စက်ကြီးများဖြင့် ထုတ်လုပ်သော ပြည်တွင်းဖြစ် အရည်အသွေးမီ ကြိတ်ခွဲအားကောင်းပြီး သက်မှတ်စံချိန်အတွက် အာမခံသည့် 10"x10" နှင့် 6"x8 3/4" ရော်ဘာကြိတ်လုံးများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင် ပါသည်။ (1 . 3 .2004) မှ (30 . 4 .2004) ရက်နေ့ထိ Promotion ကာလအတွင်း ပစ္စည်းတစ်မျိုးစီအတွက် (10) လုံး ဝယ်လျှင် (1)လုံးလက်ဆောင် ပေး၍ ရောင်းချပေးနေပါသည်။

- 10" x 10" ရော်ဘာကြိတ်လုံး (1) လုံးလျှင် - ကျပ် 33000
- 6" x 8 ¾" ရော်ဘာကြိတ်လုံး (1) လုံးလျှင် - ကျပ် 18000
- 10"x 10" ရော်ဘာကြိတ်လုံးတစ်လုံးကို၊ 10" x 8"သံခွံတစ်လုံးပေးပြီး ဝယ်ယူလျှင် - ကျပ် 4000 လျှော့ပေးမည်။
- 6" x 8¾" ရော်ဘာကြိတ်လုံးတစ်လုံးကို၊ 6" x 7"သံခွံတစ်လုံးပေးပြီး ဝယ်ယူလျှင် - ကျပ် 2000 လျှော့ပေးမည်။
- 10" x 8" သံခွံတစ်လုံး စက်ရုံအရောက်ဝယ်ဈေး - ကျပ် 1200 ဖြင့်ဝယ်ယူသည်။
- 6" x 7" သံခွံတစ်လုံး စက်ရုံအရောက်ဝယ်ဈေး - ကျပ် 750 ဖြင့်ဝယ်ယူသည်။
- ရော်ဘာကြိတ်လုံးများကို နယ်ကိုယ်စားလှယ်ယူလိုသူများနှင့်ဆန်စက်ပိုင်ရှင်များ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် - ဦးချမ်းမိုးဆွေ ၊ ဒေါ်သီတာမြင့်
အိမ် - အမှတ် (143)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ☎ - 01-542255
စက်ရုံ - အမှတ် (21)၊ အထက်ပုဇွန်တောင်လမ်း၊ ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ☎ - 01-290302

(1-3-2004) မှ (30-4-2004) ရက်နေ့အထိ ဤကြော်ငြာဖြတ်ပိုင်းဖြင့် 10"x10" (သို့) 6"x8¾" ရော်ဘာကြိတ်လုံးတစ်လုံးအတွက် 10% လျှော့ပေးမည်။

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဒေါ်ိနာ၊ အကျိတ်ဖြစ်သူများ
ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ ဖုန်း-၂၄၀၀၆၄

ရှစ်ပေါက်စက်ဘုတ်
၂၃ ကျပ် (အထိုင်ဈေး)

နေ့သန့်

ရောင်းရန်
၁။ ကော်ကရင်ဘွိုင်လာ
၂။ ၁၁လက်မ တန်ဂျီအင်ဂျင်
ဆက်သွယ်ရန်
ဖုန်း-၀၄၂-၂၁၈၄၁(ပုသိမ်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာ ဒေါ်မေမာလာဆွေ (သားဖွား/မီးယပ် အထူးကု ဆရာဝန်ကြီး၊ (ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)တို့၏မိခင် ဒေါ်ခင်ရီ(၈၅)နှစ်သည် ၁-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန ဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာ ဒေါ်မေမာလာဆွေ (သားဖွား/မီးယပ် အထူးကု ဆရာဝန်ကြီး၊ (ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)တို့၏မိခင်သည် ၁-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်၊ ဝန်ထမ်းမိသားစု။

ဦးထွန်းထွန်း (ရေဦး)

B.E (Mech:), M.O.T 2nd Class
1 A/E, M.V YTHAN
Eastwing Shipmanagement Pte.,Ltd.

အသက်(၄၉)နှစ်

ရေဦးမြို့နေ ဦးတင်အောင်–ဒေါ်သောင်းသောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်)–ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ အမှတ် ၅၆(ပထမထပ်)၊ရှမ်းကုန်းလမ်း၊စမ်းချောင်းမြို့နယ်နေ ဒေါ်ဝင်းဝင်းသိန်း [B.E (Mech:) Geocomp]၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သိန်း၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း(သစ်တောရေးရာဝန်ကြီးဌာန)–ဒေါ်အေးအေး၊ ဦးတင်မောင်အေး–ဒေါ်မာမာသိန်း(စက်မှု–ထွေ/ထိန်း)တို့၏မောင်/ညီ၊ ဦးတင်လှိုင်သိန်း–ဒေါ်ခင်ရှိန်၊ ဦးစိုးမင်းအောင် (2/O-Uniteam)–ဒေါ်စီစီသာရ(လ/ထကထိက၊ ဓာတုဗေဒဌာန)၊ ဒေါ်ကေသီအောင်တို့၏အစ်ကို၊ မခိုင်စုစုထွန်း (GTC၊ ၃နှစ်၊ I.A.D-KMD)၊ မောင်မင်းမင်းထွန်း(X.F၊ အထက– ၁၊ ဒဂုံ)တို့၏ဖခင်၊ တူ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၈–၂–၂၀၀၄ရက် (စနေနေ့) ည ၂၂:၀၀ နာရီခန့်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သဂ်ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးထွန်းထွန်း (ရေဦး)

B.E (Mech.), M.O.T 2nd Class
1 A/E, M.V YTHAN
Eastwind Shipmanagement Pte., Ltd.

အသက်(၄၉)နှစ်

ရေဦးမြို့နေ ဦးတင်အောင်–ဒေါ်သောင်းသောင်းတို့၏သား၊ရန်ကုန်မြို့နေ (ဦးသိန်းအောင်)–ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ အမှတ် ၅၆(ပထမထပ်) ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ဝင်းဝင်းသိန်း [B.E (Mech) Geocomp]၏ခင်ပွန်း၊ရေဦးမြို့နေ ဦးစောချိုဝင်း–ဒေါ်လှလှ၏ညီ၊ ဦးမင်းနိုင်စိုး–ဒေါ်အေးအေးနု၊ ဒေါ်ဆွေဆွေအောင်၊ ဒေါ်ခင်မာအောင်၊ ဦးမိုးအောင်တို့၏အစ်ကို၊ မခိုင်စုစုထွန်း [G.T.C ၃နှစ်၊ I.A.D–KMD]၊ မောင်မင်းမင်းထွန်း (XF၊ အထက–၁၊ ဒဂုံ)တို့၏ဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၈–၂–၂၀၀၄ (စနေနေ့) ည၂၂:၀၀နာရီခန့်တွင် ကိုလံဘီယာကမ်းလွန်ပင်လယ်ပြင်၌တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (ကနောင်)

အသက်(၅၃)နှစ်

(ဦးစိန်မောင်)–ဒေါ်ထွေးတို့၏ သားကြီး၊ ဦးအေးတင်–ဒေါ်တိုးတို့၏ သားသမက်၊ ဦးလှဝင်း–ဒေါ်အုံးကြည်တို့၏ညီ၊ (ဦးစိန်ဝင်း)–ဒေါ်တင်ရှိန်၊ (ဦးကြည်စိုး)–ဒေါ်တင်တင်အေး၊ ဦးရွှေသိန်း (စက်/ယာဉ်)–ဒေါ်သန်းသန်းငွေတို့၏ အစ်ကို၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်စန်းဝင်း(သူနာပြု)၏ခင်ပွန်း၊ မနေခြည်လင်း (စည်ပင်/ကျန်းမာ)၊ မသဲချမ်းမြေ့(သားဖွား)တို့၏ဖခင်သည် ၂–၃–၂၀၀၄ရက် နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၃–၂၀၀၄ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Suan Khua Thang (Lailo)

အသက်(၆၉)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Lailo ကျေးရွာနေ ဦးGing Thawng–ဒေါ်Vial Nuam တို့၏ စတုတ္ထသား၊ Nu Ciang Khaw Niang, Pa Phung Khan Kham, Pa Vungh Do Pau, Pa Thang Cin Thiau တို့၏ ညီ/မောင်၊ Pa Pum Cin, Pa Gin Kam တို့၏ အစ်ကို၊ Pa Thawng Za Pau–Nu Cing En Lun, Nu Nian Zen Cing–Pa Maung Maung, Lia Niang Hau Vung, Lia Tun Sian Ciin (Lia Cing Khawm Lun) တို့၏ဖခင်၊ အမှတ် ၅၃၁၊ ပြည်ထောင်စုလမ်း၊(၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ Nu Kam Do Lun ၏ ခင်ပွန်းသည် ၂–၃–၂၀၀၄ရက် ညနေ ၃:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၄–၃–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်ခန်းမ၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများ အထက်ပါနေအိမ်နှင့် အမှတ် ၂၃၉၊ ဆိပ်ကမ်းသာလမ်း TBC-Y ဘုရားရှိခိုးကျောင်းမှ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ထွန်း

အသက်(၅၀)

ရန်ကုန်မြို့နေ ဦးချန်ထွန်း–(ဒေါ်စောလှိုင်)တို့၏သမီး၊ ဦးကြည်လင်း–ဒေါ်စန်းစန်းထွန်း၊ ဒေါ်သန်းသန်းထွန်းတို့၏ညီမ၊ ဦးကျော်ထွန်း၊ ဦးမြင့်ဦး–ဒေါ်ခင်စောထွန်းတို့၏အစ်မ၊ ဦးအေးကြူ၏ဇနီး၊ မောင်ထက်ကိုကို၏မိခင်၊ ဦးစိုးမြင့်အောင်(စာတိုက်မှူး၊ရန်ကင်း)–ဒေါ်ခင်ခင်စိုး [အလက–၂၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်]တို့၏ အစ်မသည် ၂–၃–၂၀၀၄ရက်(အင်္ဂါနေ့)တွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄–၃–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန္ဒာအေး (ခင်စိုးဓာတ်ပုံတိုက်)

အသက်(၄၄)နှစ်

(ဦးတင်အေး–ဒေါ်မြသန်း)တို့၏ သမီးထွေး၊ (ဦးခင်စိုး–ဒေါ်ခင်မာ) ခင်စိုးဓာတ်ပုံတိုက်တို့၏ သမီးချွေးမ၊ အမှတ် ၃၃၊ ၃၅(ပထမလွှာ)၊ ရေကျော်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိုးပိုင် (ခင်စိုး ဓာတ်ပုံတိုက်)၏ဇနီး၊ မအေးဝင်းမွန် (IX-A အထက–၄၊ ဗိုလ်တထောင်)၏ မိခင်သည် ၂–၃–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၄–၃–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ဏ/၉၅၃၄ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ

အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)၊ ဒေါက်တာမေမာလာဆွေ (ကထိက၊ အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏မိခင်၊ဒေါက်တာဝါဝါဝမ်းမောင်(အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေကုသရေးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏အဘွားသည် ၁–၃–၂၀၀၄ ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေကုသရေးဌာနမိသားစု
ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊
မြောက်ဥက္ကလာပဆေးရုံကြီး၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး။

ဦးအောင်ကြင်စိန်
ဦးစီးအရာရှိ(ငြိမ်း)အိုးအိမ် အတွင်းရေးမှူး(တွံတေးမြို့နယ်အသင်း)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ် ၂၊ အခန်း ၄၀၂၊ ၁၁ လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးကျော်သန်း–ဒေါ်ကုလားမတို့၏သား၊ (ဒေါ်လှကြင်)၏ခင်ပွန်း၊ သဝန်းတောရွာနေ ဦးမောင်–ဒေါ်သန်းရွှေတို့၏မောင်၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၂၁၆၊ ၁၂ လမ်း၊ (၁)ရပ်ကွက်နေ ဦးသောင်းကြည်–ဒေါ်လှလှဝင်း၊ တွံတေးမြို့၊ အလက(မြို့မ)ဆရာဦးတင်လှ၏အစ်ကို၊ ဦးမျိုးမြင့်၊ ဦးဇေယျတို့၏ဖခင်သည် ၂–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄–၃–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင်ပါမည်။(စံပြဆေးရုံမှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းကျော်(ခ)နွယ်ကြီး (ရခိုင်ရိုးကြီး)
အုပ်ခွဲတပ်ကြပ်ကြီး(လေ၊ငြိမ်း)

အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာနေ ဦးလှကြီး(ဦးသာသန၊ အောင်စေတီကျောင်းတိုက်၊ အလုံမြို့နယ်)–ဒေါ်လှမြိုင်တို့၏သား၊ ဘုရင့်နောင်လမ်းမ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးသောင်းငွေ)–ဒေါ်ရင်နု (ဝါးတစ်ရာ)တို့၏သားသမက်၊ အမှတ် ၂၆/၁၊ ဇေယျသိဒ္ဓိလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်လှမြင့်၏ခင်ပွန်း၊ဗိုလ်ကြီးမျိုးဝင်း (တပ်မတော်–လေ၊ ငြိမ်း)–ဒေါ်ချစ်ချစ်တို့၏အစ်ကို၊ လှိုင်မြို့နယ်၊ ပိတောက်ချောင်းရဲစခန်းမှ တပ်ကြပ်ကြီးလင်းထင်ကျော်–မမြင့်မိုးခိုင်၊ မောင်နိုင်လင်းကျော်၊ မောင်ရန်နောင်ကျော်–မအိအိခမ်း၊ မကေသီအောင်၊မောင်ကျော်စိုးထွန်း(အထက–၁၊ အလုံ)၊မောင်ကျော်မျိုးထွန်း(အထက–၁၊ လှိုင်)တို့၏ဖခင်၊ ဦးအေးသွင်–ဒေါ်ကြည်မြင့်၊ ဒေါ်စမ်းဝင်း၊ ဦးငွေနိုင်၊ ဦးဝင်းမြင့်–ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းဝင်းတို့၏ အစ်ကို၊ မြေးနှစ်ယောက်တို့၏အဘိုး၊ တူ တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၃–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၃–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး ဒေါ်ရွှေတင် (လမ်းမတော်၊ညောင်ပင်လေးဈေး)

အသက်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ မိကျောင်းခြံကျေးရွာနေ (ဦးကျော်ဝ–ဒေါ်အေးဆိုင်)တို့၏သမီး၊ (ဦးထွန်းတင်) လမ်းမတော်ညောင်ပင်လေးဈေး၏ဇနီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးညွှန့်ခင်–(ဒေါ်အုံးမြင့်)၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အောင်မင်းခေါင်လမ်း၊ အိမ်အမှတ် ၅၉၈/က နေ ဦးလှမြင့် (M.T.W.C၊ လေဆိပ်)–ဒေါ်ခင်ငွေးတို့၏မိခင်၊ ကိုသန်းထက်–မအေးအေးမင်း၊ ကိုစန်းလွင်(မြို့နယ်မီးသတ်၊ လှိုင်သာယာ)–မမြတ်မြတ်ဦး၊ ကိုတင်အောင်ဌေး (YES Box) – မခင်လေးသူ၊ ကိုသန်းဇော်ဝင်း–မစန္ဒာမြင့်၊ ကိုစံရွှေမြင့်(ခ)ဖိုးစံ–မခိုင်ဇာဝင်း၊ ကိုဝင်းမိုး–မဥမ္မာညွန့်တို့၏အဘွား၊ မြစ် ၁၇ ယောက်တို့၏အဘွားသည် ၂၈–၂–၂၀၀၄ရက် (စနေနေ့)တွင်ကွယ်လွန်သွားပါ၍ ၅–၃–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အေးအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အောင်သန်း(ခ)ဒေါ်သန်းကြည်

အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန ၃ လမ်း၊ အမှတ် ၁၆၇/က နေ (ဦးကြည်ထွန်း–ဒေါ်ငွေအေး)တို့၏သမီး၊ ဦးလှမြင့်၏ဇနီး၊ ကိုဘိုကြည်၊ မစိုးစိုးကြည်၊ မောင်ဆန်းမင်း၊ မမိုးမိုးကြည်တို့၏မိခင်သည် ၂–၃–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄–၃–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်ယဉ်ယဉ်မြင့်(ခ) ဒေါ်လှလှမြင့် (အင်းစိန်)

အသက်(၆၄)နှစ်

၂၈–၂–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသော ဒေါ်ယဉ်ယဉ်မြင့်(ခ)ဒေါ်လှလှမြင့်၊ ယခင် ရဲသိပ္ပံကျောင်းအုပ်ကြီးနှင့် ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းရီ (ငြိမ်း) နန်းမြို့ ဂေါက်ကွင်း (အကြံပေး)၏ ချစ်လှစွာသောဇနီး နာမကျန်းစဉ်က အထူးဂရုစိုက် ကုသပေးကြသော သီရိအထူးကုဆေးခန်း မိသားစုနှင့် ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီကြသော ရန်ကုန်မြို့တော်ဝင်မိသားစု ကမ္ဘာ့ဏီမှမိသားစုများ၊ ဝန်ထမ်းများ၊ သီရိရိပ်သာ(၁)မှ မိသားစုများ၊ အောင်ချမ်းအေးရပ်ကွက်မှ သာရေးနာရေး အသင်းသူ အသင်းသားများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၊ မန္တလေးမြို့ အကျဉ်းဦးစီးဌာနမှ အုပ်စုညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှ ရဲမှူးကြီးနှင့် တပ်ဖွဲ့ဝင်များ၊ မန္တလေး မှခင်းတပ်ဖွဲ့ခွဲမှ ရဲမှူးကြီး၊ ဒုရဲမှူးကြီးနှင့် မိသားစု တပ်ဖွဲ့ဝင်များ၊ မန္တလေး သတင်းတပ်ဖွဲ့မှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးနှင့် တပ်ဖွဲ့ဝင်များ၊ မန္တလေး ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးနှင့်တပ်ဖွဲ့ဝင်များ၊ နန်းမြို့ ဂေါက်ကွင်းမှ တာဝန်ရှိလူကြီးများနှင့်မိတ်ဆွေများ၊ အောင်မြင့်မိုရ်ဟိုတယ်နှင့် သာစည်ပွဲရုံ မိသားစု၊ ပွိုင့်နေကြာစေ့လုပ်ငန်းမိသားစု၊ ရွှေပြည်သာ ကုမ္ပဏီလီမိတက် မိသားစုများ၊ သိင်္ဂီရွှေစင်ကုမ္ပဏီမိသားစု၊မြနန္ဒာဟိုတယ် မိသားစု၊ မင်းမိသားစုကုမ္ပဏီမိသားစု၊ ၇၁လမ်းမိသားစု၊ရန်ကုန်မြို့မှလာရောက်ကြသောမိသားစု၊ အင်းစိန်မြို့မှ ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သောပုဂ္ဂိုလ်များအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒဂုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ခင်လှ (ဒဂုံအထကကျောင်းသူဟောင်း)

အသက်(၆၀)

ဒဂုံ၊ ခင်မကန် ၃ လမ်းနေ (ဦးမြရှိန်–ဒေါ်ခင်ညွန့်)တို့၏ သမီး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနဝင်း၊ ကြည့်မြင်တိုင်နေ ဒေါ်ခင်လှသည် ၃–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃:၂၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅–၃–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂:၀၅ နာရီတွင် ထိန်ပင်အေးအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ကိုဇော်လင်း

အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ တိုက် ၃၁၊ အခန်း ၁၊ ဘော်ဇင်လမ်း၊ သုဝဏ္ဏမြို့နေ (ဦးရွှေမောင်)–ဒေါ်ရီရီတို့၏သား၊ ကိုဇော်ဦး–မခင်မာချို၊ ကိုဇော်ထွန်းတို့၏ညီ၊ ကိုထူးသာ–မသီဂီဦး၊ မောင်ဇော်ထွဋ်၊ မမီမီအေး (ILBC)တို့၏အစ်ကို၊ မောင်ဇော်ဝင်းရှိန်(ရေကြောင်းတက္ကသိုလ်၊ ဒုတိယနှစ်)၊ မဖိုဘီတို့၏ဦးလေးသည် ၃–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း (F/Welder) Eastwing

အသက်(၅၁)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ထင်းဝင်းရပ်နေ (ဦးစိန်ပေါ–ဒေါ်ညွန့်ရီ)တို့၏ သားသမက်၊ ချမ်းမြသာစည်မြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ ငံ/၁/၁၄၀ နေ ဦးချစ်ဆောင်–ဒေါ်သောင်းကြည်တို့၏သား၊မောင်ဇင်ကိုဦး၊မယဉ်ဇာဝင်း၊ မောင်ကျော်ဇင်မင်း၊ မနွယ်နွယ်အေးတို့၏ဖခင်၊ ဒေါ်ချိုချို၏ ခင်ပွန်းသည် ၂၈–၂–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသဂ်ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာတင် (Montaz) (ဖျာပုံမြို့)

အသက်(၄၃)နှစ်

ဖျာပုံမြို့၊ အမှတ် ၁၅၊ ရွှေသာလျောင်းဘုရားလမ်းနေ (ဟာဂျီ ဦးဆရက်–ဒေါ်ရှရီဖာ)တို့၏မြေး၊ ဖျာပုံမြို့၊ နီလာလမ်းနေ ဦးကာစင်–ဒေါ်ဂျလေတို့၏သမီး၊ (ဦးအီဗရာဟင်–ဒေါ်လှတင်)၊ ဦးကျော်လွင်–ဒေါ်အမာတို့၏ တူမ၊ ဦးမြင့်လွင်၊ ဒေါ်ခင်မာကြီး၊ ဒေါ်ခင်မာလေး၊ ဒေါ်ခင်မာချစ်၊ ဦးမင်းလွင်တို့၏ညီမ၊ ကိုဝင်းလွင်၊ မခင်မာမြင့်၊ မခင်မာဆင့်၊ မခင်မာထွေးတို့၏ အစ်မသည် ၂၈–၂–၂၀၀၄ရက် (စနေနေ့) ညတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလ္လာရင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၉–၂–၂၀၀၄ရက် ဇဟိုရ်နမာဇ်စ်အပြီးတွင် ရန်ကုန်မြို့၊ အမှတ် ၄၉၊ ဓမ္မာရုံလမ်း နေအိမ်မှ ရေဝေး ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်ဇေယျ

အသက်(၈၇)နှစ်

အမှတ် ၂၃၃/၂၃၉၊မဟာဗန္ဓုလလမ်း၊ လေမှုတ်စက်ရုံဝင်း၊ ဗိုလ်တထောင်နေ ဦးဘို–ဒေါ်ကသဲတို့၏သား၊ ဒေါ်သိန်းမြင့်၏ခင်ပွန်း၊ ဦးစောမြင့်ဆွေ(အနောက်ပိုင်းခရိုင်မှူး၊ စည်ပင် ရေ/သန့်)–ဒေါ်လှသောင်း၊ ဦးစိန်သန်း–ဒေါ်ဝင်းတင်၊ ဦးစိန်ကုလား–ဒေါ်ကျင်အေး၊ ဦးစိန်ဦး–ဒေါ်တင်တင်ရီ၊ ဦးငွေစိုး–ဒေါ်အေးမြင့်၊ ဦးအောင်ကြည်သောင်း–ဒေါ်နော်မြင့်မြင့်သန်း (ရန်ကုန်မြို့တော်ဘဏ်)၊ ဦးစောလှဝေ–ဒေါ်ဦးသန်းတို့၏ ဖခင်၊ မြေး ၃၀၊ မြစ် ခြောက်ယောက်တို့၏အဘိုးသည် ၂–၃–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၃–၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (လေမှုတ်စက်ဝင်း နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းမြင့်

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ အုတ်ပုံဆိပ် ၂ လမ်းနေ (ဦးတိုင်း – ဒေါ်ဖွားသင်)တို့၏ သမီး၊ (ဦးမြရီ)၏ဇနီးဦးချေး–(ဒေါ်သန်းကြည်)တို့၏အစ်မ၊ (ဦးသန်းမောင်)–ဒေါ်တင်တင်သန်းတို့၏မိခင်၊ ကိုမြင့်လွင်–ဒေါ်ပြုံးမိုးခိုင်(ကိုလှထွန်း)–မခင်မေသန်း၊ ကိုဝင်း–မခင်လေး၊ ကိုမြင့်သောင်း–မဝင်းဝင်းမော်၊ ကိုဝင်းသူ–မချိုတူး၊ ကိုသိန်းလွင်ငွေး–မသီတာဝင်း၊ ကိုဘသက်ဦး(မိုး/ဇလ)–မချိုချိုမာ၊ မချိုထွေးတို့၏အဘွား၊ မြစ် ၂၃ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၃–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြစိန် (ပျဉ်းမနား)

အသက်(၇၄)နှစ်

ပျဉ်းမနားမြို့နေ (ဦးသောင်း–ဒေါ်ထွန်း)တို့၏သမီး၊ (ဦးမင်းဆိုင်–ဒေါ်ဖွားရင်)တို့၏ချွေးမ၊ အမှတ် ၅၊ စပါယ်လမ်း၊ ငွေကြာရုံရိပ်သာ၊ ပါရမီနေ (ဗိုလ်မှူးကြီးမင်းဒင်၊ ငြိမ်း)၏ဇနီး၊ (ဦးလှမောင်–ဒေါ်သန်းသန်း)၊ (ဦးသန်းမောင်–ဒေါ်တင်ရွှေ)တို့၏ညီမ၊ ဦးမျိုးမင်း–ဒေါ်မြမြဝင်း (ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး)၊ ဦးနိုင်မင်း၊ ဦးစိုးမင်း–ဒေါ်အေးအေးမြင့်၊ ညောင်ရွှေမြို့နေ ဦးမောင်မောင်ရွှေ–ဒေါ်ချိုချိုမင်း (ရှမ်းမင်းသား သကြားစက်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏ ဘွားဘွားသည် ၂–၃–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၅:၅၀ နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆–၃–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး ဦးတင်ရှိန်
အလုပ်ရုံစုမှူး(ငြိမ်း)ဂုန်နီစက်ရုံ

အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးဘရင်–ဒေါ်စိန်မြိုင်)တို့၏သား၊ ဦးညွန့်မောင်–(ဒေါ်ရှိန်)တို့၏သားသမက်၊ တိုက်၁၅၊ အခန်း၁၃၊ စက်မှုရိပ်သာ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်တင်မေ၏ခင်ပွန်း၊ (ဦးဘို–ဒေါ်အုံး)တို့၏မောင်၊ (ဦးအောင်သန်း)–ဒေါ်ဝင်းကြည်၊ ဒေါ်အုံးကြည်၊ ဒေါ်အုံးရီ၊ ဦးစိုးလွင်၊ (ဦးမြင့်စိုး)–ဒေါ်စိုးကြည်၊ ဦးစိုးသိန်း–ဒေါ်ဝင်းတို့၏ အစ်ကို၊ ဒေါ်အေးအေးသန်း(J.A.Tအမက–၁၇၊ မရမ်းကုန်း)၊ ဦးဌေးမြင့်(အုတ်ကျင်းဂုန်နီစက်ရုံ)၊ (ဦးဌေးလွင်)–ဒေါ်သီသီစိုး၊ ဒေါ်စန်းစန်းလွင်(လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲ)၊ မမြင့်မြင့်သန်း(M.F.T. B)တို့၏ဖခင်၊ မောင်ပိုင်ဘုန်းပြည့်၊ မဖွေးအိန္ဒြေသန့်တို့၏အဘိုးသည် ၃–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၃–၂၀၀၄ရက် (သောကြာနေ့)တွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပညာသာရ

သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၂၉)ဝါ

ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မိုးကုတ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ပညာသာရသည် ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် (၂–၃–၂၀၀၄ရက်)အင်္ဂါနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပေါင်းလပြည့်ကျော် ၁ ရက် (၆–၃–၂၀၀၄ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (မိုးကုတ် ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ဈာပနကျင်းပရေးကော်မတီ။

ဒေါ်စိန်ကြည် (ထားဝယ်)

အသက်(၈၀)

အမှတ် ၁၀၀၊ ၉၁ လမ်း၊ ကန်တော်လေး၊ ကန်ရှေ့ရပ်ကွက်၊ (ဦးအင်စီ–ဒေါ်ဖွားအို)တို့၏သမီးကြီး၊ မန္တလေးမြို့နေ ဦးသီဟ–ဒေါ်သန်းတို့၏ အစ်မကြီး၊ ဦးကျော်စိုးဝင်း–ဒေါ်ခင်ယုဆွေ(အမက–၂၀၊ မင်္ဂလာတောင်ညွန့်)၊ ဦးကျော်သန်းဝင်း–ဒေါ်ညွန့်ညွန့်စန်း၊ ဦးညီညီဇော်–ဒေါ်ညွန့်ရီ၊ ဦးကြည်မြင့်ဦး–ဒေါ်မာလာဝင်း(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)တို့၏မိခင်၊ မောင်ဇော်ဇော်မိုး၊ မအေးမြမိုး၊ မလွင်လွင်ခိုင်၊ မောင်အောင်သက်ဦး၊ မအိခိုင်မိုး၊ မောင်သက်နိုင်ထွန်း၊ မောင်ဇေယျာဝင်းထွဋ်၊ မောင်ကောင်းဇော်၊ မောင်ပိုင်မင်းထက်တို့၏ဘွားဘွားကြီးသည် ၂–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ကန်ရှေ့နေအိမ်၌ ၈–၃–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၉ နာရီအတွင်း ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအိမိန်း (ကလေးဝမြို့)

အသက်(၇၇)နှစ်

ကလေးဝမြို့၊ အမှတ် ၃/၁၀၅၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်ဖွား(ပတ္တမြား လက်ဖက်ရည်ဆိုင်)၏ခင်ပွန်း၊ ကိုကြင်ပေါ်–မတင်အေး၊ ကိုကြင်စိန်–မသောင်းညွန့်၊ကိုခင်မောင်တင့်–မရွှေကင်း၊ကိုမျိုးမြင့်ဆွေ–မကြင်အုံ၊ ကိုကြင်ဝင်း–မနွယ်နွယ်စိုး၊ကိုကြင်လင်း–မညီညို၊(ကိုကြင်မောင်)တို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုးသည် ၂၉–၂–၂၀၀၄ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၃–၂၀၀၄ရက် ညနေ ၃ နာရီတွင် ကလေးဝမြို့ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ကြည်ဆင်

အသင်းဝင်အမှတ်(၄၂၇)

အသက်(၇၆)နှစ်

ပုလောမြို့၊အမှတ်(၁)ရပ်ကွက်၊ ဗထူးလမ်းနေ (ဦးဘလင်း)၏ ဇနီးသည် ၂–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄–၃–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပုလောမြို့နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ကိုကျော်မင်း
B.A (Hist.)

အသက်(၃၅)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၃၅၂/ခ၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်နေ (ဦးသိန်းလှ)–ဒေါ်ခင်စန်းတို့သား၊ ဒေါ်သန်းကျင်၏တူ၊ ဒေါ်ညွန့်ညွန့်ရီ၊ ဦးအောင်ကျော်ဦး (ဌာနခွဲမှူး၊ မြို့တော်စည်ပင်/ဥတို)–ဒေါ်ကေသီလွင်(လ/ထ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး)၊ ဦးတိုးတိုး(ခေတ္တ–မလေးရှား)–ဒေါ်တင်တင်အေး၊ ကပ္ပတိန်ခင်ဇော်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) – ဒေါ်မိုးသီတာကြည်၊ ဦးကြည်ငြိမ်း၊ (ဦးထင်အောင်)–ဒေါ်မြင့်မြင့်အောင်(လ/ထ မန်နေဂျာ၊ MEB-4)တို့၏ညီ/မောင်၊ ဦးထွန်းထွန်းအုန်း–ဒေါ်ညိုညို၊ မဝင့်ရည်ခိုင်တို့၏အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ဦးလေးသည် ၃–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၃–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

လူမိုချီ(ခ)ဦးမော်ကြည်

အသက်(၁၀၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉ လမ်း၊ အမှတ် ၆၀၊ အပေါ်ဆုံးထပ်နေ (ဒေါ်စိန်)၏ခင်ပွန်း၊ ဒေါ်ကျင်မြိုင်–ဦးချစ်စိန်၊ ဒေါ်ခင်ဝင်း–(ဦးကောက်)၊ ဦးမောင်မောင်ကြီး–ဒေါ်ဝင်းဝင်းအေး၊ ဒေါက်တာဒေါ်မြင့်မြင့်ရီ – ဒေါက်တာဦးကျော်ဇင်မြင့်၊ ဦးမောင်မောင်–ဒေါ်ခင်ခင်ဝင်း၊ (ဦးမောင်မောင်လေး)တို့၏ဖခင်နှင့် မြေး ၂၀ ယောက်၊ မြစ် ၂၀ ယောက်တို့၏ ဘိုးဘေးသည် ၃–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၃–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဖွားဖွားနော်မေလီ (အငြိမ်းစားသူနာပြုဆရာမကြီး)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးတင်အောင်ချို–ဒေါ်မိုးစုလတ်၊ ဒေါ်နှင်းပွင့်ချို၊ ဦးကျော်ချစ်–ဒေါ်မိုးပွင့်ချို၊ ဦးအောင်ချိုမြင့်–ဒေါ်လင်းလင်းသွေး၊ မခင်ပြည့်ချို၊ မခင်စီချို၊ မောင်သိန်းသူရကျော်–မရှားအဥ္ဆလီဖူး၊ မောင်လင်းဝဏ္ဏကျော်၊ မဝတ်ရည်ကျော်ကျော်၊ မဝတ်မှုံသန့်၊ မချွေးချွေးသိန်း၊ Jo Suzuki၊ Yurika Suzuki၊ မောင်ပြည့်ဖြိုးကို၊ Tiffany တို့၏အဘွား၊ Lionel၊ Faith တို့၏ ဘွားဘွားကြီးသည် ၁–၃–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ပြည်လမ်းရှိ ယုဒသန်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေး၊မြစ်တစ်စု။

ဒုတိယဗိုလ်မှူးကြီးစိန်လှ (ငြိမ်း)

အသက်(၇၇)နှစ်

ရမည်းသင်းမြို့နေ (ဦးဘသင်–ဒေါ်စောလှ)တို့၏သားကြီး၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ပြည်နယ်၊ Bellevue မြို့နေ ဒေါ်သိန်းတင်(Joyee Suraya)၏ခင်ပွန်း၊ ဦးစိုးမြင့်၊ ဒေါ်နှင်းနှင်းလှ၊ ဒေါက်တာသင်းသင်းမြတို့၏ ဖခင်၊ မမြတ်ပန်းဝေ၊ မအိသူကို၊ မောင်လင်းသူကိုတို့၏အဘိုးသည် ၂၄–၂–၂၀၀၄ ရက်(အင်္ဂါနေ့) နံနက် ၃:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၂–၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂နာရီတွင် ယင်းမြို့၌ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သဂ်ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးစိန်လှ (ငြိမ်း)

အသက်(၇၇)နှစ်

ရမည်းသင်းမြို့နေ (ဦးဘသင်–ဒေါ်စောလှ)တို့၏သားကြီး၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ပြည်နယ်၊ Bellevue မြို့နေ ဒေါ်သိန်းတင်(Joyee Suraya)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဒေါ်လှမြိုင်၊ အရာခံဗိုလ်ရန်နိုင်(ငြိမ်း)၊ ဦးအောင်မြင့်(စာရင်းစစ်အရာရှိ၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးကိုလေး(ငြိမ်း)၊ ဒေါ်မြမြသန်း (ကြီးကြပ်ရေးမှူး၊ နိုင်ငံခြားဘဏ်)၊ ဒေါ်သန်းစိန်(စာရင်းစစ်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)တို့၏အစ်ကိုသည် အထက်ပါနေအိမ်၌ ၂၄–၂–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၂–၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂ နာရီတွင် ယင်းမြို့၌ပင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သဂ်ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အနေဖြင့် ဖြူသည်မည်းသည်၊ နီးသည်ဝေးသည် ခွဲခြားမှုမရှိ ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ပြိုင်တည်းဖွံ့ဖြိုးရေးအစွမ်းကုန်ဖြည့်ဆည်းပေးနေ

★ ဒေသအလိုက်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအပိုင်းက အမြဲတမ်း ကြံစည်အားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ တိုင်းလည်းတိုင်းအလျောက်၊ ခရိုင်လည်းခရိုင်အလျောက်၊ မြို့နယ်လည်း မြို့နယ်အလျောက် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းကြံစည်ဆောင်ရွက်သွားကြရမည်။

★ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွင်း အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ခြင်း ရှိ–မရှိ ကဏ္ဍအလိုက် လေ့လာဆန်းစစ်၍ လိုအပ်သည်များကို ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ကြရင်း တိုးတက်သည်ထက် တိုးတက်လာအောင် လုပ်ကိုင်ဆောင်ရွက်။

★ ရပ်ရွာဒေသအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးရေး၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ နယ်မြေဒေသအလိုက် လုံခြုံခိုင်မာရေးတို့ကို ကွက်ပြည့် အကောင်အထည်ဖော်။

★ နိုင်ငံတော်အနေဖြင့် ဖြူသည်မည်းသည်၊ နီးသည်ဝေးသည် ခွဲခြားမှုမရှိဘဲ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တတ်နိုင်သမျှ ဆူကြုံနိမ့်မြင့် ကွာဟမှုလျော့နည်းပြီး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တနင်္သာရီတိုင်းခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်မှ –

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးစည်ပင်သာယာရေး ပင်မစီမံကိန်းရေးဆွဲဆောင်ရွက်

လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ မောင်းမကန်ကမ်းခြေ စည်ကားဖွံ့ဖြိုးလာမည်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မောင်းမကန်ကမ်းခြေတွင် ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

4-3 mmal 1 8/27/04, 7:05 PM